# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ ပြာသိုလပြည့် ၊ ကြာသပတေးနေ့ ၊ (5-1-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၅၀)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားပြီး ဂုဏ်ပြုစစ်ကြောင်းများ၏ အလေးပြုခြင်းခံယူ





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဂုဏ်ပြုစစ်ကြောင်းများ၏ အလေးပြုခြင်းကို ခံယူစဉ်။**

**နေပြည်တော် ဇန်နဝါရီ ၄**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဗိုလ်ရှုခံရင်ပြင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားပြီး ဂုဏ်ပြုစစ်ကြောင်းများ၏ အလေးပြုခြင်းကို ခံယူသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ဒုတိယသမ္မတ(ငြိမ်း) သရေစည်သူ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး၊ ဒုတိယသမ္မတ(ငြိမ်း) သရေစည်သူဦးညာဏ်ထွန်းနှင့် ဇနီး၊ ခေတ်အဆက်ဆက်နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံတော်အကြီးအကဲများ၏ မိသားစုဝင်များ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

❖ နိုင်ငံတော်လွတ်လပ်ရေးရရှိရန်နှင့် လွတ်လပ်ရေးကို အဓွန့်ရှည်တည်တံ့ရန်အတွက် အသက်ခန္ဓာပေးဆပ်ခဲ့သူများကို ဂုဏ်ပြုအောက်မေ့သတိရသောအားဖြင့် နှစ်မိနစ်ငြိမ်သက်...

❖ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့သဝဏ်လွှာအမိဋ္ဌာန်ကို ရွတ်ဆို...

ရတနာပုံ
၂၀၂၃ ခုနှစ် ဇန်နဝါရီ ၅ ရက်
အယ်ဒီတာ့အာဘော်

# မိခင်ကျေးဇူးအထူးထူးကို ဖော်ကျူးဂုဏ်တင်

ယနေ့သည် ပြာသိုလပြည့်နေ့ဖြစ်သည်။ ပြာသိုလသည် မြန်မာဆယ့်နှစ်လတွင် ဒသမမြောက်လဖြစ်ပြီး ဆောင်းဥတု၏အလယ်လလည်းဖြစ်ပေသည်။ ပြာသိုလ၏ရာသီအမည်မှာ မကရရာသီ၊ စန်းပြည့်နက္ခတ်မှာ ဖုသျှ၊ စန်းယှဉ်တာရာမှာ ပုစွန်တာရာ၊ ရာသီရုပ်မှာ မကန်း(မိကျောင်း)၊ ရာသီပန်းမှာ ခွာညိုပန်းဖြစ်ပြီး ရာသီပွဲတော်မှာ မြင်းခင်းပွဲတော်ဖြစ်သည်။

ရှေးမြန်မာဘုရင်များလက်ထက် ပြာသိုလရောက်လျှင် မြင်းခင်းသဘင်ပွဲတော်ကို ရာသီပွဲတော်အဖြစ် ကျင်းပခဲ့ကြသည်။ မြင်းခင်းသဘင်ပွဲတော်ကို ပြာသိုလတစ်လလုံး ကျင်းပခဲ့ကြခြင်းဖြစ်သည်။ ပြာသိုလတွင် ရွေးချယ်ခဲ့သော သူရဲကောင်းများကြောင့် မြန်မာ့စစ်စွမ်းရည် လျှမ်းလျှမ်းတောက်ခဲ့ရသည်။ ယခုအခါ မြင်းခင်းသဘင်ပွဲတော်မှာ မေးမှိန်ပျောက်ကွယ်သွားပြီဖြစ်သည်။ သို့သော် စာရေးဆရာ၊ ဒါရိုက်တာကြီး ဦးသုခ၏ ကြိုးပမ်းလှုံ့ဆော်မှုဖြင့် ပြာသိုလပြည့်နေ့တွင် အမေနေ့ အခမ်းအနားများ ကျင်းပလာခဲ့ကြသည်။ မိခင်၏ကျေးဇူးကိုဆပ်သောနေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ကြခြင်းဖြစ်သည်။

ပြာသိုလပြည့်နေ့ရောက်တိုင်း အမေနေ့အခမ်းအနားများကျင်းပကြပြီး တရားဓမ္မပွဲများ၊ စာပေဟောပြောပွဲများလည်း ကျင်းပကြသည်။ မိခင်၏မေတ္တာကို နားလည်စေပြီး ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်စေလိုသောစေတနာဖြင့် ကျင်းပကြခြင်းဖြစ်သည်။ သားသမီးတိုင်း မိခင်ရှိကြသည်။ မိခင်တိုင်းက သားသမီးများကို ပဋိသန္ဓေတည်စမှစ၍ နို့ချိုတိုက်ကျွေးကာ မှက်၊ ခြင်၊ ယင် မကိုက်စေရန်၊ ကျန်းမာကြံ့ခိုင်သောရင်သွေးငယ်များအဖြစ် ကြီးပြင်းလာအောင် ကိုယ်နှင့်မကွာကျွေးမွေးပြုစုစောင့်ရှောက်ကြသည်။ ထို့ပြင် ဘဝ၏လက်ဦးဆရာအဖြစ် စားမှု၊ ဝတ်မှု၊ နေမှု၊ ပြောမှု စသည့် စည်းကမ်းမျိုးစုံကိုလည်း အရွယ်ရောက်သည့်တိုင်အောင် ဆိုဆုံးမပြသသွန်သင်ခဲ့ကြသည်။ ကျောင်းနေအရွယ်မှစ၍ ပညာသင်ကြားရေးကို မလစ်ဟင်းအောင် အဘက်ဘက်က ဂရုတစိုက်ဆောင်ရွက်ကာ သား၊ သမီးတို့ကို ထူးချွန်သူများဖြစ်အောင် အနီးကပ်အပင်ပန်းခံ မြေတောင်မြှောက်ခဲ့ကြသူများဖြစ်ပြီး ဆပ်၍မကုန်နိုင်အောင် ကျေးဇူးကြီးမားလှပေသည်။ ထိုကဲ့သို့ ကျွေးမွေးပြုစုစောင့်ရှောက်ကြခြင်းမှာ မိခင်တို့၏မေတ္တာတရားပင်ဖြစ်သည်။ ထို့ကြောင့် သားသမီးတို့က ကျေးဇူးဆပ်ကြရမည်ဖြစ်သည်။

မြတ်စွာဘုရားသည်ပင်လျှင် မိခင်ကျေးဇူးကိုဆပ်သည့်အနေဖြင့် တာဝတိံသာနတ်ပြည်တွင် မယ်တော်မိနတ်သားကိုအမှူးပြု၍ နတ်အပေါင်းတို့အား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော် ဟောကြားတော်မူသည်။ ထို့အတူ ရှင်သာရိပုတ္တရာသည်လည်း မိခင်ပုဏ္ဏေးမကြီးကို တရားဓမ္မဟောကြားကာ ကျေးဇူးဆပ်ခဲ့သည်။

လောကီရေးများတွင်သာမက လောကုတ္တရာရေးရှုထောင့်မှကြည့်လျှင်လည်း ပြာသိုလသည် ထူးမြတ်လှပေသည်။ အကြောင်းမှာ အယူလွဲမှားနေသော ဥရုဝေလကဿပ ညီနောင်သုံးဦးနှင့် ရှင်တစ်ထောင်ကို မြတ်စွာဘုရားက ဥရုဝေလတောတွင် နှစ်လကြာမျှ စည်းရုံး၍ ချေချွတ်ရသည်။ ပြာသိုလပြည့်နေ့တွင် အာဒိတ္တပရိယာယသုတ်ကို မြတ်စွာဘုရားက ဟောကြားတော်မူရာ ရှင်တစ်ထောင်လုံး အာသဝေါကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ရောက်တော်မူလေသည်။ ထို့ကြောင့် ပြာသိုလပြည့်နေ့ကို ရှင်တစ်ထောင်အခါတော်နေ့ဟုလည်း အမွှန်အမြတ်ထားကြပေသည်။

သို့ဖြစ်ရာ ပြာသိုလပြည့်နေ့တွင် တရားဓမ္မပွဲများ၊ စာပေဟောပြောပွဲများ ကျင်းပကြသကဲ့သို့ ကျေးဇူးကြီးမားလှသော မိခင်၏ကျေးဇူးဆပ်ပွဲများကျင်းပကြခြင်းမှာလည်း ကောင်းမှုကုသိုလ်တစ်ခုပင်ဖြစ်သည်။ ထို့ကြောင့် မိခင်ကျေးဇူးအထူးထူးကို ဖော်ကျူးဂုဏ်တင်ကာ ပြာသိုလပြည့်အမေနေ့သည် မိခင်မေတ္တာတရား၊ ကျေးဇူးတရားများ ဖော်ကျူးဂုဏ်တင်သည့် လထူးလမြတ်ပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# တောင်သမန်တံတားနှင့် အင်းသို့ စိန်ရတုလွတ်လပ်ရေးနေ့တွင် ပြည်တွင်းခရီးသွားဦးရေ ၁၇၀၀၀ ကျော်လာရောက်လည်ပတ်ခဲ့



**မန္တလေး ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန်တံတားနှင့် အင်းသို့ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် ပြည်တွင်းခရီးသွားဦးရေ ၁၇၀၀၀ ကျော် လာရောက် လည်ပတ်ခဲ့ကြောင်း အဆိုပါတံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် တောင်သမန်တံတားနှင့် အင်းမှာ ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစား လာရောက်လည်ပတ်ကြသည့် နေရာများထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ အဆိုပါ တောင်သမန်တံတားနှင့် အင်းသို့ လွတ်လပ်ရေးနေ့တွင် ပြည်တွင်းခရီးသွားများဝင်ရောက်လည်ပတ်မှုများပြားခဲ့ကြောင်း သိရသည်။

"တောင်သမန်တံတားနဲ့အင်းကို လွတ်လပ်ရေးနေ့မှာ ပြည်တွင်းခရီးသွားတွေ အနားယူအပန်းဖြေရင်း လာရောက်လည်ပတ်မှုတော်တော်လေးများပါတယ်။ အခုက လွတ်လပ်ရေးနေ့လဲဖြစ်တဲ့အပြင် ရုံးပိတ်ရက်လဲဖြစ်တာကြောင့် ခရီးသွားဝင်ရောက်လည်ပတ်မှုတော်တော်လေးများပါတယ်။ အရင်ရက်တွေကတော့ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်ပေမဲ့ ဒီလောက်လာရောက်တာမများပါဘူး။ အခါကြီးရက်ကြီးတွေမှာတော့ များပါတယ်"ဟု ဦးစိုးဝင်းကပြောပြသည်။

တောင်သမန်တံတားနှင့် အင်းသို့ ဒီဇင်ဘာလအတွင်းက တစ်ရက်လျှင် ပြည်တွင်းခရီးသွားဦးရေ ၆၀၀ ကျော် လာရောက်လည်ပတ်ခဲ့ကြောင်း၊ ယနေ့ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် တောင်သမန်တံတားနှင့် အင်းသို့ ပြည်တွင်းခရီးသွားဦးရေ ၁၇၀၀၀ ကျော်ထိ ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်သမန်အင်းတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများ အင်းအတွင်း နေဝင်ဆည်းဆာအလှကို ၎က်လှေများဖြင့် ကြည့်ရှုနိုင်ရန် ၎က်လှေအစီးရေ ၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း တောင်သမန်တံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

(၁၈၄)

# သီရိမာလာကုန်စိမ်းဈေးတွင် မူးမြစ်ရိုးတစ်လျှောက်နှင့် ကုန်းတွင်းပိုင်းမှထွက်ရှိသည့် ခရမ်းချဉ်သီး(ထိုင်ဝမ်)များ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် မူးမြစ်ရိုးတစ်လျှောက်နှင့် ကုန်းတွင်းပိုင်းမှ ထွက်ရှိလာသည့် ခရမ်းချဉ်သီး (ထိုင်ဝမ်)များ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါ ဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံမှ သိရသည်။

အဆိုပါ ခရမ်းချဉ်သီး(ထိုင်ဝမ်)များသည် မူးမြစ်ရိုးတစ်လျှောက်နှင့် ကုန်းတွင်းပိုင်းမှ ထွက်ရှိလာပြီး မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ၁၀ စီးမှ ၁၂ စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ဈေးနှုန်းများမှာလည်း မူးမြစ်ရိုးတစ်လျှောက်မှထွက်သည့် ခရမ်းချဉ်သီးတစ်ပိဿာလျှင် ငွေကျပ် ၉၀၀၊ ကုန်းတွင်းပိုင်းမှထွက်သည့် ခရမ်းချဉ်သီးတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ ရရှိကာ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

"လက်ရှိမှာတော့ ခရမ်းချဉ်သီးက မူးမြစ်ရိုးတစ်လျှောက်က ထွက်တဲ့ ခရမ်းချဉ်သီးတွေ၊ ကုန်းတွင်းပိုင်းကထွက်တဲ့ ခရမ်းချဉ်သီးတွေ ဝင်ရောက်လာပါတယ်။ ခရမ်းချဉ်သီးတွေက ဈေးကောင်းရရှိပြီး အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ အင်းခရမ်းချဉ်သီးတွေကလဲ ဈေးကွက်ထဲကိုဝင်ရောက်နေပါတယ်။ အင်းသီးတွေက အရောင်းအဝယ် အေးသွားပါတယ်။ လက်ရှိကုန်းတွင်းပိုင်းက ခရမ်းချဉ်သီးတွေက အရောင်းအဝယ်ကောင်းပြီး ဈေးကောင်းရရှိနေပါတယ်။ အခြားသီးနှံတွေလဲ ဈေးကောင်းရရှိပြီး အရောင်းအဝယ်ကောင်းနေပါတယ်" ဟု ဦးအောင်မိုးနိုင်ကပြောပြသည်။

လက်ရှိအချိန်တွင် မူးမြစ်ရိုးတစ်လျှောက်ဒေသများဖြစ်သော မြင်းမူ၊ မုံရွာ၊ မတ္တရာဒေသတို့မှ ထွက်ရှိလာသော ခရမ်းချဉ်သီး(ထိုင်ဝမ်)များနှင့် ကုန်းတွင်းပိုင်းမှ ထွက် ခရမ်းချဉ်သီးများ ဈေးကောင်းရရှိနေကြောင်း၊ ထို့ပြင် ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ အာလူး၊ မုန်ညင်းနှင့် ပန်းမုန်လာများလည်း ဈေးကောင်းရရှိနေကြောင်း ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်တွင် ကုလားပဲ(929) အရောင်းအဝယ်ကောင်းမွန်ပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၁၀၀၀ ပေါက်ဈေးရှိ

**မန္တလေး ဇန်နဝါရီ ၄**

မန္တလေးဈေးကွက်တွင် ကုလားပဲ(929)အရောင်းအဝယ် ကောင်းမွန်လာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၁၀၀၀ ထိပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေး ကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း ကုလားပဲ (929)မှာ အရောင်းအဝယ်ကောင်းမွန်ကြောင်း၊ ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း၌ ကုလားပဲ (929)ကို ကုန်သည်များ ဝယ်ယူမှုများပြားလာပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲ အခုလတ်တလော ကုလားပဲ(929)တွေကို ကုန်သည်တွေ အကြိုက်တွေ့နေကြပြီး အဝယ်လိုက်နေပါတယ်။ ကုလားပဲ(929)တွေ အဝယ်လိုက်နေတာကြောင့် မန္တလေးဈေးကွက်ထဲ ကုန်ကြမ်းရှားပါးလာပါတယ်။ ကုန်စည်လက်ကျန် လုံးဝပြတ်တောက်သွားတာမျိုးတော့ မရှိပါဘူး" ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်းက ကုလားပဲ(929)ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၇၀၀၀ သာပေါက်ဈေးရှိခဲ့သော်လည်း ဇန်နဝါရီ ၃ ရက်က ကုလားပဲ(929) ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၁၀၀၀ ထိပေါက်ဈေးရှိနေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် မြောက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**မလှိုင် ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင် ကျေးရွာစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြောက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၃ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကိုတွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မြောက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၆ ဦးကို ငွေကျပ် ၃၂ ဒသမ ၃သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၄ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် သုညဒသမ ၈ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်ခိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် သီပေါမြို့နယ် ဆောင်ကြဲကျေးရွာနေ ဒေါ်နန်းဆိုင်စမ်းမိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာဦးမောင်ဦးနှင့် ခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာဦးအောင်ထွန်းဝင်းတို့က လက်ခံရယူစဉ်။

# သီလဝါအထူးစီးပွားရေးဇုန်အတွင်း စက်ရုံ၊ အလုပ်ရုံ ၁၀၂ ရုံ လည်ပတ်လျက်ရှိ



**ရန်ကုန် ဇန်နဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီးရှိ သီလဝါအထူးစီးပွားရေးဇုန်အတွင်း စက်ရုံ၊ အလုပ်ရုံ ၁၀၂ ရုံ လည်ပတ်လျက်ရှိကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ သီလဝါအထူးစီးပွားရေးဇုန်အတွင်း နိုင်ငံပေါင်း ၂၀ မှ လာရောက်ရင်းနှီးမြှုပ်နှံထားသည့် စက်ရုံ၊ အလုပ်ရုံ ၁၁၃ ရုံရှိပြီး ၂၀၂၂ ခုနှစ် ဇွန်လကုန်ထိ လုပ်ငန်းလည်ပတ်နေသော စက်ရုံ၊ အလုပ်ရုံ ၉၃ ရုံရှိရာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလကုန်တွင် စက်ရုံ၊ အလုပ်ရုံ ၁၀၂ ရုံ လည်ပတ်လျက်ရှိကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောပြ၍ သိရသည်။

"ကိုဗစ်ရောဂါကြောင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု ကျဆင်းခဲ့တာကြောင့် မြေငှားရမ်းတဲ့ လုပ်ငန်းအတွက် ဝင်ငွေကတော့ အရင်နှစ်နဲ့နှိုင်းယှဉ်ရင် ငွေကျပ် ၈ ဒသမ ၆၂၈ ဘီလီယံကနေ ၂ ဒသမ ၅၈၁ ဘီလီယံထိ သိသိသာသာ လျော့နည်းသွားခဲ့ပါတယ်။ သီလဝါ အထူးစီးပွားရေးဇုန်အတွင်းရှိ နိုင်ငံပေါင်း ၂၀ က စက်ရုံ ၁၁၃ ရုံ လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိပြီး စက်ရုံ၊ အလုပ်ရုံ ၁၀၂ ရုံ လည်ပတ်လျက်ရှိပါတယ်"ဟု သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောပြသည်။

သီလဝါ အထူးစီးပွားရေးဇုန်တွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလကုန်ထိ အထူးစီးပွားရေးဇုန်ဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၈၈ ဒသမ ၇၉ သန်း ဝင်ရောက်မြှုပ်နှံထားကြောင်း၊ သီလဝါစက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် ထပ်မံဝင်ရောက်မည့် လုပ်ငန်းများမှာ ဓာတ်မြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ဘိလပ်မြေထုတ်လုပ်ခြင်းလုပ်ငန်းများ၊ သံမဏိထုတ်လုပ်ခြင်းလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများနှင့် ဆက်စပ်သည့်လုပ်ငန်းများ၊ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ လျှပ်စစ်ယာဉ်ထုတ်လုပ်သည့်လုပ်ငန်းများ၊ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ၊ အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖြစ်ကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

ASH

# မြဝတီမြို့နယ် ပွင့်လင်းအေးမြိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်မှု စစ်ဆေး

**မြဝတီ ဇန်နဝါရီ ၄**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ပွင့်လင်းအေးမြိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ပွင့်လင်းအေးမြိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ပွင့်လင်းအေးမြိုင်ကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း အရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကျောက်ရောမြေ နှစ်ပေ၊ မြေနီကျောက်စရစ် ကိုးလက်မ ခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၆၈ ဒသမ ၇၆၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရတနာဒွေးကြွယ်ကုမ္ပဏီက ၂၀၂၂ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းက ပြောပြ၍ သိရသည်။

**သန်းလွင်(မကွေး)**

# ကျောက်ပန်းတောင်းမြို့နယ် အုံ့မှိုးရိုးကျေးရွာ၌ မြေသားရေကန်ရေသိုလှောင်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် အုံ့မှိုးရိုးကျေးရွာ၌ ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သည့် မြေသားရေကန် ရေသိုလှောင်ထားရှိမှုအခြေအနေများကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် ဝန်ထမ်းများက အုံ့မှိုးရိုးကျေးရွာ၌ ရေသိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ကျေးရွာမှ တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ကျောက်ပန်းတောင်းမြို့နယ် အုံ့မှိုးရိုးကျေးရွာ၌ ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သည့် အလျား ပေ ၄၀၀၊ အနံ ပေ ၂၀၀၊ အနက် ခုနစ်ပေရှိ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၆၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရွှေခြံမြင့်မိုရ်ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇူလိုင် ၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် အုံ့မှိုးရိုးကျေးရွာရှိ အိမ်ခြေ ၆၃ အိမ်၊ လူ ၃၉၉ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် လာမည့် နွေရာသီတွင် သောက်သုံးရေလုံလောက်စွာ ရရှိမည်ဖြစ်ကြောင်း ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က ပြောပြ၍ သိရသည်။

**ကိုဖြည့်**



# ပေးဝေမျှခဲ့သော စာပေဒါန

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"အမေ. . ."

"အမေ. . ."

"မရှိသေးစကားပြောရရင် အမေဟာ ပြည့်တန်ဆာဖြစ်နေရင်တောင် အမေဟာ အမေပါပဲဗျာ"

ဆရာကြီးဦးသုခ၏ ရင်တွင်းခံစားချက်အပြည့်ဖြင့် ဟစ်ကြွေးခဲ့သော ဟစ်ကြွေးသံက ကျွန်တော့်နှလုံးသားတွင် စွဲထင်နေဆဲပင်။

ထို့ကြောင့် ကျွန်တော်ကလည်း ဆရာကြီးဦးသုခ၏ သံယောင်လိုက်ကာ "အမေနေ့"စာပေဟောပြောပွဲတွင် ဟစ်ကြွေးခဲ့သည်။

"သား. . ."

"ဖေဖေရော မေမေပါချစ်ရတဲ့သား. . ."

"အမေဆိုတာ အမေပါပဲသားရယ်။ အမေဟာ ရုပ်ဆိုးချင်ဆိုးမယ်။ ရုပ်လှချင်လှမယ်။ ဒါပေမဲ့ မိခင်တွေမှာ မိခင်စိတ်ရှိကြပါတယ်။ သား အမေရဲ့ပြင်ပရုပ်သွင်ဟာ အမြင်ဆိုးချင်ဆိုးမယ်။ ဒါပေမဲ့ အတွင်းစိတ်ကတော့ ကြင်နာမှုရှိပါတယ်။ အဲဒီ ကြင်နာမှုအလှကို သားမြင်အောင်ကြည့်တတ်ရင် မင်းဟာ အမေကိုချစ်နိုင်တဲ့စိတ်ပေါ် လာလိမ့်မယ်သား"

"သားအတွက်အသက်ပေးခဲ့တဲ့မိခင်"၊ "ပဒုကာသလမင်းသားနှင့် အဿမုခီဘီလူးမ" ဇာတ်၊ ဆရာမောင်ဆန့်(လယ်ဝေး)၏ ဝတ္ထုကို ကျွန်တော်က ဇာတ်ညွှန်းရေးကာ အော်ပရာကခဲ့သည်မို့ ကျွန်တော် ပိုင်ပိုင်နိုင်နိုင်ဟစ်ကြွေးနိုင်ခဲ့သည်။

စာပေဟောပြောပွဲတွင် နားဆင်နေကြသူများလည်း သက်ဝင်မှုရှိလှသဖြင့် ငြိမ်ကျသွားသည်။ ကျွန်တော်လည်း ဟောပြောရှိန်ရသွားသည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၁ ရက် ည ၈ နာရီအချိန်။ စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်ရှိ ဓမ္မိကာရာမကျောင်းဝင်းအတွင်းမှာ ကျင်းပခဲ့သည့် "အမေနေ့" စာပေဟောပြောပွဲတွင် ကျွန်တော်နှင့် ဆရာမြင်းမူမောင်နိုင်မိုးတို့နှစ်ဦး စာပေဒါနပေးဝေမျှခဲ့ကြသည်။

တကယ်တော့ "အမေနေ့"စာပေဟောပြောပွဲများက ကျွန်တော်နှင့် ကျွမ်းဝင်ပြီးသားအနေအထားတွင် ရှိသည်။ ရန်ကုန်မြို့ ရွှေတိဂုံဘုရားအရှေ့ဘက်၊ ကြားတောရလမ်းတွင် ဆရာကြီး ဦးသုခခေါင်းဆောင်ပြီး **ပထမဆုံးအကြိမ် အမေနေ့** အခမ်းအနားကျင်းပခဲ့စဉ်က ဆရာချစ်စံဝင်း၊ ဆရာမောင်ခေတ်ထွန်းနှင့် ကျွန်တော်ပါဝင်ခဲ့သည်။ အမေနေ့ဝတ္ထုတိုပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲများတွင် စာမူဆုရွေးချယ်ရေးအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခဲ့ရသည်။ ထိုနေ့တစ်နေ့တည်းမှာပဲ ပဲခူးမြို့၌ "အမေနေ့"စာပေဟောပြောပွဲ ပြုလုပ်ပေးရန် တောင်းဆိုသဖြင့် ကျွန်တော့်ကိုပဲ တာဝန်ပေးအပ်ခဲ့ရာ ကျွန်တော်တစ်ဦးတည်း တစ်ကိုယ်တော်ဟောပြောခဲ့ရသည်။

နောက်ပိုင်းတွင်လည်း ပြာသိုလပြည့်နေ့ဝန်းကျင်တိုင်းတွင် နေရာအနှံ့အပြား၌ "အမေနေ့" စာပေဟောပြောပွဲများကို အခါအခွင့်သင့်သလို ဟောပြောပေးခဲ့သည်။

အမေနေ့ထက်ပို၍ လေးနက်သော **ကျေးဇူးကြီးလှမိနှင့်ဖ**ဟောပြောပွဲများကို အောင်စည်းဇိမ် ကျောက်မျက်ရတနာကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ သုဝမ္မမဏိဇောတရေ ဦးအောင်ကြီးနှင့် သုဝမ္မသိင်္ဂီ ဒေါ်နန်းတိုးတိုးရွှေတို့ ဇနီးမောင်နှံမိသားစုက တစ်ပြည်လုံးအနှံ့ကျင်းပလာခဲ့သောအခါ အမေသာမက အဖေပါ ပါဝင်လာသောကြောင့် ကျယ်ပြန့်လာခဲ့သည်။

အစပထမတွင် ယခု(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ)(ယခင် ဒုတိယပါမောက္ခချုပ်)ဦးဆောင်ပြီး ဆရာကြီးမင်းယုဝေ၊ နက္ခတ္တဗေဒပညာရှင်ဦးအုန်းမြင့်တို့က လှည့်လည်ဟောပြောခဲ့ကြရာ ဂီတလုလင်မောင်ကိုကို၊ ဆရာလယ်တွင်းသားစောချစ်၊ ဆရာချစ်ဦးညို၊ ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)၊ ဆရာရေနံ့သာမောင်ကျော်ညွှန့်၊ ဆရာမ နိုက်တင်ဝေးနှင့် ကျွန်တော်တို့ အလှည့်ကျ မြို့နယ်အနှံ့၊ ဒေသအနှံ့၊ ဌာနအစုံ၊ အထက်တန်းကျောင်းအဖုံဖုံတွင် အစုန်အဆန်ဟောပြောခဲ့ကြရာ ဟောပြောပွဲပေါင်း ၂၀၀ ကျော်ခဲ့သည်။

ဟောပြောပွဲအားလုံးကို စီစဉ်ဆက်သွယ်၊ သယ်ယူပို့ဆောင်ပေးခဲ့သူမှာ ကုမ္ပဏီမန်နေဂျာ စာပေဝါသနာပါသူ ဦးဇော်လင်းဦးဖြစ်သည်။ ဟောပြောပေးခဲ့ကြသော စာရေးဆရာ၊ ဆရာမများအတွက် ညဏ်ပူဇော်ခအပါအဝင် အထွေထွေကုန်ကျသမျှကို ကုမ္ပဏီကိုယ်စားတာဝန်ယူပေးသူဖြစ်သည်။ အထွေထွေကုန်ကျရာတွင် ကျောင်းများ၌ ဟောပြောခွင့်ရရှိသည်ကို ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ငွေကျပ်တစ်သိန်းစီ လှူဒါန်းခဲ့သည်။

ဦးအောင်ကြီး၏ဇနီး ကျန်းမာရေးအခြေအနေအရ ဟောပြောပွဲများကို ရပ်နားခဲ့သော်လည်း "ကျေးဇူးကြီးလှ မိနှင့်ဖ" ဗီဒီယိုဇာတ်လမ်းတို ၁၄ ကား ရိုက်ကူးထုတ်လွှင့်ပေးခဲ့သည်။ ထို့ပြင် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကလည်း "ကျေးဇူးကြီးလှ မိနှင့်ဖ" ဝတ္ထုတိုပြိုင်ပွဲကို နိုင်ငံတော်အဆင့်(တစ်နိုင်ငံလုံးရှိ စာပေဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်စေသော စာပေပြိုင်ပွဲ)ကျင်းပခဲ့ပြီး ကျွန်တော်တို့ စာမူရွေးချယ်ရေးအဖွဲ့ဝင်များနှင့် ဆုရရှိသူများကိုထိုက်တန်စွာချီးမြှင့်ခဲ့သည်။

ပထမဆုရရှိခဲ့သော စာရေးဆရာ၊ တေးရေးဆရာ **အဲမွန်တာရာ၏ မြိုင်သာယာမယ်နှင့်ပြည်ထောင်ရမြန်မာ့ရှိုင်ငင်** သိပ္ပံဝတ္ထုတိုတွင် ရွှေနေမလေး မြကျေးညို၊ မြကျေးညိုကို ချစ်ရေးဆိုလက်ထပ်ခွင့်တောင်းခံထားသော ဖန်ပြွန်လူသား တရားသူကြီးရဲရင့်မြင့်မိုရ်၊ တရားလို ဒေါက်တာလွတ်လပ်မင်း အစွပ်စွဲခံရသူက သူ့မိခင် မြိုင်သာယာမယ်နု၊ တရားလိုရှေ့နေ ဝင့်သူဟိန်းတို့ အားပြိုင်သော ဇာတ်လမ်း။ ဒေါ်နုက ကရုဏာဒေါသဖြင့် သားဖြစ်သူ ဒေါက်တာလွတ်လပ်မင်းကို ပါးရိုက်ခဲ့သောကြောင့် အမှုရင်ဆိုင်နေရသည့်အခြေအနေ။ သား တရားလိုနှင့် အမေ တရားပြိုင် အားပြိုင်နေကြသည့် ဇာတ်သိမ်းခန်း။

ကျွန်တော်တို့ စာမူရွေးချယ်ရေးအဖွဲ့ဝင်များ၏ နှလုံးသားကို မိဘမေတ္တာမြားစူးနစ်သွားစေသောစကား တစ်နည်းအားဖြင့် အမေ(တရားပြိုင်)ဘက်က လိုက်ပါခဲ့သော ရွှေနေမလေးမြကျေးညို၏ ကရုဏာသံ၊ ကြေကွဲဝမ်းနည်းသံ၊ မခံချင်သော ခံပြင်းဟန်များဖြင့် လျှောက်လဲချက်။

"ဆရာဝန်တချို့ရဲ့အမှားကို အုတ်ဂူတွေနဲ့ မီးသင်္ဂြိုဟ်စက်တွေက ဖုံးကွယ်ပေးနိုင်သလို၊ တရားသူကြီးတွေရဲ့အမှားကို ထောင်နံရံတွေက ဖုံးကွယ်ထားနိုင်ကြပေမဲ့ အမိအဖတို့ရဲ့ မေတ္တာနဲ့ ကျေးဇူးတရားကိုတော့ ဘယ်အရာကမှဖုံးကွယ်လို့ မထားနိုင်ကြပါဘူးဆိုတာ အခုသက်သေပြနေပါပြီ။ တကယ်တော့ စကြဝဠာမဟာတံတိုင်းကြီးမှာ ထာဝရမော်ကွန်းတင်ကမ္ပည်းထိုးထားသင့်တဲ့အရာဟာ မိဘမေတ္တာနဲ့ မိဘကျေးဇူးတရားသာဖြစ်ပါတယ်"

"ရုပ်သိမ်းတယ်။ ကျွန်တော်ကျေအေးရုပ်သိမ်းတယ်။ ကျွန်တော်မှားပါပြီအမေ။ ကျွန်တော့်ပါးကိုရိုက်လိုက်ပါအုံးအမေရယ်"ဟု တရားလိုသားက ရင်ထုမနာ ပြောလိုက်သံက တရားရုံးတစ်ရုံးလုံးဟိန်းညံလွှမ်းမိုးသွားခဲ့လေပြီ။ တရားခွင်ထဲမှာ သားနှင့်မိခင်တို့ ထွေးပွေ့နေကြ၏။ မိခင်က "မရိုက်ရက်ပါဘူးသားရယ်။ အမေ့အသည်းတွေ နာလွန်းလို့ပါ"ဟုသာ ရှိုက်ငင်စွာ တီးတိုးဆို၏။

အောင်စည်းဇိမ်ကုမ္ပဏီပိုင်ရှင်မိသားစု၏ "ကျေးဇူးကြီးလှ မိနှင့်ဖ" ဝတ္ထုတိုပြိုင်ပွဲမှ မိဘကျေးဇူး ရသထူးစာပေဟု အမွှမ်းတင်ဂုဏ်ပြုချင်နေပါတော့သည်။

**အမေနေ့**နှင့် **မိဘကျေးဇူး** **အထူးထူး**စာပေဟောပြောပွဲများနှင့်ပတ်သက်၍ ကျွန်တော့်အတွက် အခက်အခဲမရှိ။ အချိန်မရွေး၊ နေရာမရွေး ဟောပြောနိုင်စွမ်းရှိနေသည်ဟု ခံယူထားရာ ချောင်းဦးမြို့၌ ကျင်းပခဲ့သော **အမေနေ့** စာပေဟောပြောပွဲတွင် ချောမောအောင်မြင်စွာ ဟောပြောနိုင်ခဲ့သည်။

**ဆရာမြင်းမူမောင်နိုင်မိုး**ကလည်း ကဗျာပါရမီရှင်ပီသစွာ ရင်နှင့်စရာမိဘမေတ္တာကဗျာများနှင့် ဆက်စပ်ဟောပြောသွားရာ စာချစ်သူများ မျက်ရည်ဝဲပြီး ကြေကွဲစွာခံစားခဲ့ကြရသည်။

ချောင်းဦးမြို့ ဒုတိယအကြိမ်မြောက် အမေနေ့စာပေဟောပြောပွဲ ကျင်းပရေးကော်မတီကိုလည်း မချီးကျူးဘဲမနေနိုင်။

ဟောပြောပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းတင်နှင့် အတွင်းရေးမှူးဦးသာအောင်တို့က အငြိမ်းစားကျောင်းဆရာကြီးများသာဖြစ်ကြသည်။ ကော်မတီဝင်များကလည်း အငြိမ်းစားကျောင်းဆရာကြီးများသာဖြစ်ကြသည်။ စီးပွားရေးလုပ်ငန်းရှင်များနှင့် အုပ်ချုပ်ရေးလုပ်ပိုင်ခွင့်ရှိသူများ တစ်ဦးတစ်ယောက်မျှမပါ။ သည်တော့ဥက္ကဋ္ဌဦးသိန်းတင်က "လုပ်ပိုင်ခွင့်ရှိသူ မပါတော့ စီးပွားရေးလုပ်ငန်းရှင်တွေ မပါဝင်ကြဘူး။ ဒါကြောင့် ကျွန်တော်တို့ကော်မတီဟာ ဆင်းရဲပါတယ်။ ဒါပေမဲ့ စေတနာမဆင်းရဲပါဘူးဆရာ။ မဖြစ် ဖြစ်တဲ့နည်းနဲ့ကျင်းပနိုင်တာပါ။ မနက်ဖြန် အသက် ၉၀ နဲ့အထက် အဘိုးအဘွားတွေကို ပူဇော်ကန်တော့ပွဲကျင်းပအုံးမှာပါ"ဟု ရှင်းပြခဲ့သည်။

ပြာသိုလပြည့် အမေနေ့တွင် မြို့ပေါ်ရှိ အသက် ၉၀ နှင့်အထက် အဘိုးအဘွား ၄၅ ဦးကို သူတို့ကော်မတီကပဲ ဓမ္မိကာရာမကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တအာသဘ၏ပံ့ပိုးကူညီမှုဖြင့် ပူဇော်ကန်တော့ခဲ့ကြရာ မုဒိတာပွားပြီး သာဓုအနုမောဒနာခေါ်ခဲ့ရသည်။

ချောင်းဦးမြို့တွင် "အမေနေ့"ကျင်းပခဲ့သကဲ့သို့ မန္တလေးမြို့တွင်လည်း "အမေနေ့"စာပေဟောပြောပွဲနှင့် စာပေပြိုင်ပွဲများကိုနှစ်စဉ်ကျင်းပခဲ့သည်။ အချို့နေရာများတွင်လည်း မိဘကျေးဇူးအထူးထူး ဂုဏ်ပြုစာပေပြိုင်ပွဲများကိုလည်း ကျင်းပခဲ့ကြသည်။ ဖြစ်သင့်သည်မှာ နေရာဒေသအနှံ့ ဆရာ၊ ဆရာမများကဦးဆောင်ပြီး ကျင်းပသင့်ကြသည်။ အနိမ့်ဆုံးအဆင့်ကျောင်းတွင်းဟောပြောပွဲများ ကျင်းပသင့်သည်။ စာစီစာကုံးပြိုင်ပွဲများလည်း ပြုလုပ်ပေးသင့်သည်။ အမေနေ့ကို အကြောင်းပြုပြီး အဖေ့ကျေးဇူးအထူးထူးကိုလည်း ဟောပြောကြစေချင်သည်။

လောကကြီးတွင် အစားထိုးမရသော မိဘများသည် သက်ရှိဘုရားများဖြစ်ကြောင်း ကလေးများသာမက လူငယ်လူရွယ်များပါ သိရှိနားလည် စွဲထင်နေအောင် အသိသတိပေးနေကြရန် လိုအပ်သောကြောင့်ပင်တည်း။

> ❖ "ရုပ်သိမ်းတယ်။ ကျွန်တော်ကျေအေးရုပ်သိမ်းတယ်။ ကျွန်တော်မှားပါပြီအမေ။ ကျွန်တော့်ပါးကို ရိုက်လိုက်ပါအုံးအမေရယ်"ဟု တရားလိုသားက ရင်ထုမနာ ပြောလိုက်သံက တရားရုံးတစ်ရုံးလုံး ဟိန်းညံလွှမ်းမိုးသွားခဲ့လေပြီ။ တရားခွင်ထဲမှာ သားနှင့်မိခင်တို့ ထွေးပွေ့နေကြ၏။ မိခင်က "မရိုက်ရက်ပါဘူးသားရယ်။ အမေ့အသည်းတွေ နာလွန်းလို့ပါ"ဟုသာ ရှိုက်ငင်စွာ တီးတိုးဆို၏။ အောင်စည်းဇိမ်ကုမ္ပဏီပိုင်ရှင်မိသားစု၏ "ကျေးဇူးကြီးလှ မိနှင့်ဖ" ဝတ္ထုတိုပြိုင်ပွဲမှ မိဘကျေးဇူးရသထူးစာပေဟု အမွှမ်းတင်ဂုဏ်ပြုချင်နေပါတော့သည်။ ❖

# ကြို့ပင်ကောက်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြို့ပင်ကောက် ဇန်နဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ကျီးစုကျေးရွာ၌ ဆောင်ရွက်နေသော မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးအေးလွင်နှင့် ဝန်ထမ်းများက ကျီးစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေးနှင့် လအလိုက်ပြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးအရာရှိ ဦးအေးလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ကြို့ပင်ကောက်မြို့နယ် ကျီးစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ တတိယအကြိမ်စက်ဝန်းတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၂၈ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုည ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၇ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၇ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးအေးလွင်ထံမှ သိရသည်။

**ကိုညို**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းဖူးစား ၁၁၆၆၃ ဧက စိုက်ပျိုးပြီးစီး

**ကလေး ဇန်နဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းဖူးစား ၁၁၆၆၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းဖူးစား ၁၅၉၁၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပြောင်းဖူးစား ၁၁၆၆၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကလေးခရိုင်အတွင်း သုံးမြို့နယ်မှာ ဆောင်းကာလပြောင်းဖူးစား ဧက ၁၅၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားတယ်။ ဒီနေ့ထိ ဧက ၁၁၀၀၀ ကျော်စိုက်ပြီးပါပြီ။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေပါတယ်။ ပြောင်းဖူးစား စိုက်ပျိုးမှုကတော့ အောင်မြင်ဖြစ်ထွန်းပါတယ်။ စိုက်ပျိုးထားတဲ့ စိုက်ခင်းတွေ ပိုးမွှားကျရောက်မှုမရှိအောင် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဝန်ထမ်းတွေက ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းဖူးစား စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၆၆၉၆ ဧက၊ ကလေးဝမြို့နယ်တွင် ဧက ၁၅၂၀၊ မင်းကင်းမြို့နယ်တွင် ၃၄၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ပြောင်းဖူးစား သီးနှံစိုက်ပျိုးသူများကို သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ တမာပိုးသတ်ဆေးနှင့် ဆေးအသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)



# မင်းဘူးမြို့နယ် ငီးအိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဇန်နဝါရီ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက ငီးအိုင်ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာအုပ်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့် အတိုး၊ အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက ငီးအိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူဦးရေ ၅၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၄ ဦးကို ရန်ပုံငွေ ၄၆ ဒသမ ၆၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။

**ဝင်းမာ**

# စိန်ရတုလွတ်လပ်ရေးနေ့

- စစ်မှန်စည်းကမ်း ပြည့်ဝလျှမ်းကာ
  ပါတီစုံညီ ဒီမိုကရေစီစနစ်
  ကျစ်လျစ်ခိုင်မာ သာယာရေးနှင့်
  မြော်တွေးဖက်ဒရယ် အမြစ်တွယ်ရန်
  ခြေခံအုတ်မြစ် ပြည်ထောင်သစ်ကို
  တည်ဖြစ်စေရေး ဦးစားပေးလျက်
  မနေ့းသူငါ ကြိုးစားပါစို့။

- တို့တိုင်းပြည်မှာ သာယာဝပြော
  စားရေပေါများ ဖြစ်စေငြားရန်
  တို့များကြိုးစား အမျိုးသားရေး
  ခံယူပေးအောင်
  စွမ်းဆောင်ကြိုးပမ်း
  စဉ်မျှော်မှန်းလျက် မပျက်ခိုင်မာ
  ပြုကြပါစို့။

- ရှေ့သို့ချီမည် ပန်းတိုင်ဆီသို့
  စာဆို့အတိုင်း
  တို့တိုင်းပြည်အကျိုး မျှော်ကိုးရှေးရှု
  လူမှုစီးပွား ထွန်းကားဘဝ
  တည်ရှိရအောင် တို့ကတည်ထောင်ကြပါစို့။

- တစ်မျိုးသားလုံး စည်းရုံးညီညာ
  ပြည်တော်သာအောင် တို့ပြည်ထောင်စု
  ငြိမ်းချမ်းမှုအား အလေးထားရန်
  သန္နိဋ္ဌာန်ဖြင့် စစ်မှန်ကြိုးပမ်းကြပါစို့။

- တရားမျှကာ လွတ်လပ်ပါသော
  စုံစွာပါတီ ဒီမိုကရေစီဖြင့်
  ယုံကြည်ထည့်မြဲ ရွေးကောက်ပွဲကို
  ဆင်နွှဲကျင်းပ အချိုးကျစနစ်
  ကျင့်သုံးဖြစ်သွား တိုင်းရင်းသားတို့
  အများသဘော တူသောစနစ်
  အမှန်ဖြစ်ရေး ဦးစားပေးကာ
  ဆောင်ရွက်ပါစို့။

- ဩော် . . . ဦးတည်ငါးရပ်
  သိမှတ်ပြုကာ ကြိုးစားပါက
  အနာဂတ်တွင် လွန်စည်ပင်သည့်
  မြို့ပြင်တောနေ ပြည်သူတွေ၏
  တိုင်းပြေ(ပြည်)အစစ် အမှန်ဖြစ်ကာ
  ငြိမ်းချမ်းပါလိမ့်။ ။

(စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလျက်)

**ဘိုမျိုး(ရွှေဘို)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

## နိုင်ငံတကာ သတင်းများ

# လုပ်သားများအတွက် လုပ်ခလစာမြှင့်တင်ပေးရန် ကုမ္ပဏီများကို ဂျပန်ဝန်ကြီးချုပ် တိုက်တွန်း

**တိုကျို ဇန်နဝါရီ ၄**

ငွေတန်ဖိုးဖောင်းပွမှုနှုန်းထက် ပိုမြန်သောအမြန်နှုန်းဖြင့် လုပ်ခလစာများမြှင့်တင်ပေးကြရန် ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါက ယနေ့တွင် ကုမ္ပဏီများကို တိုက်တွန်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် နှစ် ၃၀ အတွင်း ဂျပန်စီးပွားရေးလုပ်ငန်းများအနေဖြင့် အကျိုးအမြတ်ကြီးစွာရရှိခဲ့ကြသော်လည်း လုပ်သားများ၏လုပ်ခလစာကို များစွာမြှင့်တင်ပေးမှုမရှိခဲ့ကြောင်း ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါက နှစ်သစ်ကူးသတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ၏ စီးပွားရေးအကျိုးအမြတ်များသည် အခြေခံမိသားစုများဆီသို့ ပျံ့နှံ့ရောက်ရှိမှုမရှိခဲ့ကြောင်း ဂျပန်ဝန်ကြီးချုပ်က သုံးသပ်ထားသည်။

ထို့ပြင် မိမိအနေဖြင့် နှစ်စဉ်နှစ်တိုင်းလုပ်သားများ၏ လုပ်ခလစာကို မြှင့်တင်ပေးမည့်စီးပွားရေးဖွဲ့စည်းပုံတစ်ရပ် ဖန်တီးလိုကြောင်း ဂျပန်ဝန်ကြီးချုပ်က အဆိုပါသတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

လုပ်ခလစာ မြှင့်တင်ပေးမှုမှတစ်ဆင့် လူစွမ်းအားအရင်းအမြစ်များရှိသော ရင်းနှီးမြှုပ်နှံမှုသည် ဂျပန်၏အနာဂတ်ကို ပံ့ပိုးပေးမည့် နောက်ခံတွန်းအားဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဂျပန်အစိုးရအနေဖြင့် အကန့်အသတ်ရှိသည့် မနေ့ဥစ္စာခွဲဝေမှုပုံစံရှိသော ခိုင်မာသည့်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းအတွက် အခြေခံများ တည်ဆောက်ရန် လုပ်သားများ၏ လုပ်ခလစာ မြှင့်တင်ပေးရေးကို အဓိကထား ကြိုးပမ်းမည်ဟု ဂျပန်ဝန်ကြီးချုပ်က ကြေညာခဲ့ကြောင်း သိရသည်။ KKO

# ရာဇဝတ်မှုများတားဆီးရန် ဂျူအာရက်ဇ်မြို့သို့ မက္ကဆီကိုကာကွယ်ရေးဝန်ကြီးဌာန တပ်ဖွဲ့များ စေလွှတ်

**မက္ကဆီကိုစီးတီး ဇန်နဝါရီ ၄**

အုပ်စုဖွဲ့ရာဇဝတ်မှုများကိုရင်ဆိုင်တားဆီးရေးအတွက် မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ဂျူအာရက်ဇ်မြို့သို့ လက်နက်ကိုင်တပ်ဖွဲ့ဝင်ဦးရေ ၂၀၀ ကို မက္ကဆီကိုကာကွယ်ရေးဝန်ကြီးဌာနက စေလွှတ်ထားကြောင်း ရိုက်တာသတင်းဌာနက ဇန်နဝါရီ ၃ ရက်တွင် ဖော်ပြခဲ့သည်။

ဂျူအာရက်ဇ်မြို့ အကျဉ်းထောင်တစ်ခုကို သေနတ်သမားများက ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ရက်ပိုင်းအကြာမှာပင် မက္ကဆီကိုစစ်ဘက်က ဂျူအာရက်ဇ်မြို့သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီ ၁ ရက်က ဖြစ်ပွားခဲ့သည့် အကျဉ်းထောင်တိုက်ခိုက်မှုတွင် အနည်းဆုံး လူပေါင်း ၁၉ ဦး သေဆုံးခဲ့ရပြီး အကျဉ်းသား ဦးရေ ၃၀ လွတ်မြောက်ခဲ့သည်။

ဂျူအာရက်ဇ်မြို့ အကျဉ်းထောင် တိုက်ခိုက်ခံရမှုအတွင်း ထွက်ပြေးလွတ်မြောက်သွားသူများထဲတွင်အယ်လ်နီတိုဟူသည့် အမည်ဖြင့် ထင်ရှားသော မူးယစ်ရာဇာတစ်ဦးလည်း ပါဝင်ကြောင်း သိရသည်။

အကျဉ်းထောင် တိုက်ခိုက်ခံရမှုပြဿနာနှင့်ပတ်သက်၍ အကျဉ်းထောင် ညွှန်ကြားရေးမှူးကို မက္ကဆီကိုတာဝန်ရှိသူများက ရာထူးမှဖယ်ရှား၍ ထောင်ဖောက်မှုနှင့် ပတ်သက်နေခြင်း ရှိ၊ မရှိ စုံစမ်းစစ်ဆေးလျက်ရှိသည်။

အဆိုပါ အကျဉ်းထောင် တိုက်ခိုက်ခံရမှုသည် မက္ကဆီကိုနိုင်ငံအတွက် ပြီးခဲ့သည့်နှစ်များအတွင်း အသေအပျောက်အများဆုံး အကျဉ်းထောင် အကြမ်းဖက်မှုဖြစ်ကြောင်း သိရသည်။ KKO



# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါ ဇန်နဝါရီ ၁၃ ရက်တွင် အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးမည်



**ဝါရှင်တန် ဇန်နဝါရီ ၄**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါတို့သည် ဇန်နဝါရီ ၁၃ ရက်တွင် အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဇန်နဝါရီ ၃ ရက်တွင် ဖော်ပြခဲ့သည်။

သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါတို့၏ ဇန်နဝါရီ ၁၃ ရက် အိမ်ဖြူတော်ဆွေးနွေးပွဲအစီအစဉ်ကို အမေရိကန်အစိုးရတာဝန်ရှိသူများက ဇန်နဝါရီ ၃ ရက်တွင် အတည်ပြုထားသည်။

ဇန်နဝါရီ ၁၃ ရက် အိမ်ဖြူတော် ထိပ်သီးဆွေးနွေးပွဲတွင် သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါတို့သည် မြောက်ကိုရီးယားပြဿနာ၊ ယူကရိန်းပြဿနာ၊ တရုတ်(ထိုင်ဝမ်) ပြဿနာနှင့် အင်ဒို-ပစိဖိတ်ဒေသ ကိစ္စများကို ဆွေးနွေးမည် ဖြစ်ကြောင်း အိမ်ဖြူတော်သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဇန်နဝါရီ ၁၃ ရက် အမေရိကန်နိုင်ငံခရီးစဉ်ကို ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါကလည်း ယနေ့နှစ်ကုန်သတင်းစာ ရှင်းလင်းပွဲ၌ အတည်ပြု ကြေညာထားကြောင်း သိရသည်။

အိမ်ဖြူတော် ဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံ၏ လုံခြုံရေးမူဝါဒသစ်နှင့် ပတ်သက်၍လည်း ဆွေးနွေးရန် စီစဉ်ထားကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားထားသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် ဂျပန်အစိုးရသည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း အကြီးမားဆုံးစစ်ရေးတည်ဆောက်မှု အစီအစဉ်ကို ထုတ်ဖော်ကြေညာ ထားကြောင်း သိရသည်။

KKO

# အလှည့်ကျအဖွဲ့ဝင်သစ် ငါးနိုင်ငံ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ပါဝင်လာ

**နယူးယောက် ဇန်နဝါရီ ၄**



ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ဇန်နဝါရီ ၃ ရက်က အီကွေဒေါ၊ ဂျပန်၊ မော်လ်တာ၊ မိုဇမ်ဘစ်နှင့် ဆွစ်ဇာလန်နိုင်ငံတို့ကို အလှည့်ကျအဖွဲ့ဝင်နိုင်ငံသစ်များအဖြစ် ကြိုဆိုခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါနိုင်ငံ ငါးနိုင်ငံတို့သည် ပြီးခဲ့သည့်နှစ်ဇွန်လအတွင်းက ကျင်းပခဲ့သော ကုလသမဂ္ဂအထွေထွေညီလာခံမဲခွဲပွဲ၌ သက်တမ်းနှစ်နှစ်ရှိ လုံခြုံရေးကောင်စီအလှည့်ကျအဖွဲ့ဝင်သစ်များအဖြစ် ကန့်ကွက်သူမရှိ ရွေးချယ်ခံထားရသော နိုင်ငံများဖြစ်သည်။

ကာဇက်စတန်နိုင်ငံက ၂၀၁၈ ခုနှစ်တွင်စတင်ခဲ့သည့် အစဉ်အလာတစ်ရပ်အတိုင်း ဇန်နဝါရီ ၃ ရက်တွင် လုံခြုံရေးကောင်စီအလှည့်ကျအဖွဲ့ဝင်နိုင်ငံသစ်များမှ သံအမတ်ကြီးများသည် လုံခြုံရေးကောင်စီခန်းမဆောင်ပြင်ပ၌ ၎င်းတို့၏ အမျိုးသားအလံများကို ကျန်အဖွဲ့ဝင်နိုင်ငံများနှင့်အတူ စိုက်ထူခဲ့ကြသည်။

လုံခြုံရေးကောင်စီအလှည့်ကျအဖွဲ့ဝင်သစ် ငါးနိုင်ငံအနက် မိုဇမ်ဘစ်နိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့မှာ လုံခြုံရေးကောင်စီအလှည့်ကျ အဖွဲ့ဝင်နေရာကို ပထမဆုံးအကြိမ်ရယူခဲ့သော နိုင်ငံများဖြစ်သည်။

ကျန်နိုင်ငံများအနက် မော်လ်တာနိုင်ငံမှာ ဒုတိယအကြိမ်၊ အီကွေဒေါနိုင်ငံမှာ စတုတ္ထအကြိမ်အဖြစ် ရယူခဲ့ခြင်းဖြစ်ပြီး ဂျပန်နိုင်ငံမှာ ၁၂ ကြိမ်မြောက်အဖြစ် လုံခြုံရေးကောင်စီအလှည့်ကျအဖွဲ့ဝင်နေရာကို ရရှိခဲ့ခြင်းဖြစ်သည်။

လုံခြုံရေးကောင်စီတွင် ပြင်သစ်၊ ဗြိတိန်၊ တရုတ်၊ ရုရှားနှင့် အမေရိကန်နိုင်ငံတို့က အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး သက်တမ်းနှစ်နှစ်ရှိ အလှည့်ကျအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံကို အဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံရှိသော ကုလသမဂ္ဂ အထွေထွေညီလာခံက မဲခွဲရွေးချယ်ပေးကြောင်း သိရသည်။

KKO

# မြောက်ကိုရီးယားမောင်းသူမဲ့လေယာဉ်များ ဝေဟင်ပိုင်နက်ဆက်လက်ချိုးဖောက်ပါက ၂၀၁၈ သဘောတူညီချက် တောင်ကိုရီးယားဆိုင်းငံ့ဖွယ်ရှိ

**ဆိုးလ် ဇန်နဝါရီ ၄**

ဝေဟင်ပိုင်နက် ချိုးဖောက်မှုများကို မြောက်ကိုရီးယားနိုင်ငံက ဆက်လက်ကျူးလွန်နေမည်ဆိုပါက ၂၀၁၈ ခုနှစ်အတွင်း ရယူခဲ့သည့် နှစ်နိုင်ငံစစ်ဘက်ဆိုင်ရာ သဘောတူညီချက်ကို တောင်ကိုရီးယားနိုင်ငံက လိုက်နာမှု ဆိုင်းငံ့ထားနိုင်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အကယ်၍ မြောက်ကိုရီးယားနိုင်ငံက ဝေဟင်ပိုင်နက်ချိုးဖောက်မှုများ ဆက်လက်ကျူးလွန်နေမည်ဆိုပါက ၂၀၁၈ ခုနှစ် စစ်ဘက်ဆိုင်ရာသဘောတူညီချက်လိုက်နာမှုကိုရပ်ဆိုင်းထားရန် မိမိအနေဖြင့် စဉ်းစားမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယိုးက ယနေ့တွင် ပြောကြားခဲ့သည်။

ဝေဟင်ပိုင်နက်ချိုးဖောက်လာသည့် မြောက်ကိုရီးယားမောင်းသူမဲ့လေယာဉ်များအား တားဆီးရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက တင်ပြခဲ့ပြီးနောက် တောင်ကိုရီးယားသမ္မတက အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က မြောက်ကိုရီးယား မောင်းသူမဲ့လေယာဉ်များသည် နယ်စပ်ဖြတ်ကျော်၍ တောင်ကိုရီးယားဝေဟင်အတွင်း ဝင်ရောက်ခဲ့ကြသည်။

အဆိုပါ မောင်းသူမဲ့လေယာဉ်များကို တောင်ကိုရီးယားစစ်ဘက်က လေယာဉ်နှင့်ရဟတ်ယာဉ်များ စေလွှတ်ပစ်ချရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယား စစ်ဘက်၏ မောင်းသူမဲ့ လေယာဉ်များကိုစွက်ကိုင်တွယ်ပုံကို သမ္မတ ယွန်းဆွတ်ယိုးက ဝေဖန်ခဲ့ပြီး ဝေဟင်ပိုင်နက် ကျူးကျော်လာသော မြောက်ကိုရီးယားမောင်းသူမဲ့ လေယာဉ်များကို ပြတ်ပြတ်သားသား တုံ့ပြန်ရေးအတွက် စစ်ရေးစွမ်းဆောင်ရည် မြှင့်တင်ရန် တိုက်တွန်းထားကြောင်း သိရသည်။ KKO

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ယူကရိန်းအထူးစစ်ဆင်ရေးတွင် ရုရှားတာဝေးပျံလေကြောင်းတပ်ဖွဲ့ဆက်လက်ပါဝင်မည်



ရုရှားတာဝေးပျံလေကြောင်းတပ်ဖွဲ့သည် ယခုနှစ်တွင် ယူကရိန်းအထူးစစ်ဆင်ရေး၌ ဆက်လက်ပါဝင်မည်ဖြစ်ပြီး တာဝေးပျံလေယာဉ်အုပ်ကို အဆင့်မြှင့်တင်မှုများ ပြုလုပ်သွားရမည်ဖြစ်ကြောင်း တာဝေးပျံသန်းမှုလေကြောင်းကွပ်ကဲမှုဌာနချုပ်အကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး ဆာဂေးကိုဘီလက်ရှ်က ဇန်နဝါရီ ၂ ရက်တွင် ပြောကြားခဲ့သည်။ လက်ရှိ အထူးစစ်ဆင်ရေးတွင် တာဝန်ထမ်းဆောင်နိုင်ရေးသည် နံပါတ်တစ်ဦးစားပေးရည်မှန်းချက်ဖြစ်သည်။

ယခုနှစ်အတွက် စီစဉ်ထားသောစစ်ဆင်ရေးနှင့် တိုက်ပွဲဝင်လေ့ကျင့်ရေးအစီအစဉ်တွင် လေကြောင်းတိုက်ခိုက်ဖျက်ဆီးရေးနည်းလမ်းများအသုံးပြုခြင်း ပါဝင်သည်ဟု ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ကိုဘီလက်ရှ်က ပြောကြားခဲ့သည်။

လေယာဉ်မှူးများသည် အလိုအလျောက်ထိန်းချုပ်မှုစနစ်များနှင့် တိကျမှုမြင့်မားသောလက်နက်များအတွက်သတင်းအချက်အလက်ပံ့ပိုးမှုဖြင့်လုပ်ဆောင်ရာတွင် ၎င်းတို့၏ကျွမ်းကျင်မှုများ ဆက်လက်လေ့ကျင့်သွားမှသာ တိုးတက်စေမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

အထူးစစ်ဆင်ရေးတွင် တာဝေးပျံသန်းရေးလေကြောင်းတပ်ဖွဲ့သည် တစ်စိတ်တစ်ပိုင်းအနေဖြင့် ရည်မှန်းချက်တာဝန်များကို ယခုနှစ်တွင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်အားလုံး၏ ကြိုးစားအားထုတ်မှုဖြင့် ရည်မှန်းထားသည့်အတိုင်း အောင်မြင်နိုင်မည်ဟု ယုံကြည်ကြောင်း ကိုဘီလက်ရှ်က ပြောကြားခဲ့သည်။

ရုရှားတပ်ဖွဲ့ဝင်အများစုသည် ယူကရိန်းပဋိပက္ခဖြစ်စဉ်တွင် တိုက်ခိုက်ရေးအတွေ့အကြုံများရရှိထားပြီးဖြစ်ကြောင်း ကိုဘီလက်ရှ်က ရုရှားစစ်ဘက်၏သတင်းစာ Krasnaya Zvezda တွင် ပြောကြားခဲ့သည်။

ရုရှား၏ တာဝေးပျံလေကြောင်းသည် နိုင်ငံ၏ သုံးချောင်းထောက်နျူကလီးယားစွမ်းအားစုတွင် တစ်စိတ်တစ်ပိုင်းဖြစ်သော်လည်း သမားရိုးကျလက်နက်များကိုပါ သယ်ဆောင် စစ်ဆင်နိုင်သည်။ လက်ရှိတွင် Tu-95MS , Tu-160 မဟာဗျူဟာ မြောက်ဒုံးကျည်များ သယ်ဆောင်တိုက်ပွဲဝင်နိုင်သော ဗုံးကြဲလေယာဉ်များနှင့် Tu-22M3 တာဝေးဗုံးကြဲလေယာဉ်များအပေါ်တွင် တည်မှီဖွဲ့စည်းထားခြင်းဖြစ်သည်။

နှစ်ကူးမတိုင်မီကပင် တာဝေးပျံလေကြောင်းတပ်ဖွဲ့ကို ခေတ်မီအဆင့်မြင့် Tu-22M3 ဗုံးကြဲလေယာဉ်တစ်စင်း ထပ်ဆောင်းအားဖြည့်ပေးနိုင်ခဲ့သည်။ Tu-160M လေယာဉ်နှစ်စင်းကိုလည်း စမ်းသပ်ပျံသန်းရန်စာရင်းတင်သွင်းထားသည်။ ၎င်းတို့နှစ်စင်းအနက်တစ်စင်းမှာ အဆင့်မြှင့်တင်ထားသောဗားရှင်းဖြစ်ပြီး ကျန်တစ်စင်းမှာ မဟာဗျူဟာမြောက်လေယာဉ်ထုတ်လုပ်ရေးအစီအစဉ်ကို ပြန်လည်စတင်ရန် ရုရှား၏ မကြာသေးမီက ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအဖြစ် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Goals outlined for Russia's long-range air force in 2023 ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်က F-35 တိုက်လေယာဉ်အစင်း ၄၀၀ ခန့်ဝယ်ယူရန် Lockheed Martin နှင့် စာချုပ်ချုပ်ဆို

အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနနှင့် Lockheed Martin ကုမ္ပဏီတို့သည် F-35 Lightning II တိုက်လေယာဉ်အစင်း ၄၀၀ ခန့်ဝယ်ယူရန် အမေရိကန်ဒေါ်လာဘီလီယံ ၃၀ တန် သဘောတူစာချုပ်ကိုအပြီးသတ်ချုပ်ဆိုနိုင်ခဲ့သည်ဟု ဇန်နဝါရီ ၂ ရက်ထုတ် www.thedefense-post.com တွင် ရေးသားထားချက်အရ သိရသည်။

သဘောတူညီချက်တွင် ထုတ်လုပ်ရေးအမှတ်စဉ် Lot No 15 တွင် ၁၄၅ စင်း၊ Lot No 16 တွင် ၁၂၇ စင်းနှင့် Lot No 17 တွင် ၁၂၆ စင်းပါဝင်ပြီး ပိုလန်၊ ဖင်လန်နှင့် ဘယ်လ်ဂျီယံနိုင်ငံတို့အတွက်လည်း ပါဝင်နေသည်ဟု သိရသည်။

F-35 သည်ကျွန်ုပ်တို့၏ စစ်တိုက်လေယာဉ်များနှင့် စစ်ဆင်ရေးမှူးများထံ ပြိုင်ဘက်ကင်းစွမ်းရည်ကို ပိုင်ဆိုင်ထားနိုင်စေသည်ဟု F-35 ပူးတွဲပရိုဂရမ်အမှုဆောင်အရာရှိ USAF ဒုတိယဗိုလ်ချုပ်ကြီး Mike Schmidt က ပြောကြားခဲ့သည်။

ဤစာချုပ်သည် အမေရိကန်အခွန်ထမ်းများ၊ စစ်ဘက်ဆိုင်ရာဝန်ဆောင်မှုများ၊ မဟာမိတ်များနှင့် ကျွန်ုပ်တို့၏ နိုင်ငံခြားစစ်ဘက်ဆိုင်ရာ ဖောက်သည်များအတွက် အကောင်းဆုံးအရာများကြား မှန်ကန်မျှတသောရွေးချယ်မှုတစ်ရပ်ဖြစ်သည်ဟု Mike Schmidt က ဆိုသည်။

Lockheed Martin ၏ အဆိုအရ Lot 15 မှ 17 သည် Block 4 စွမ်းရည်လိုအပ်ချက်အရ ကုမ္ပဏီ၏ နည်းပညာအဆင့်မြှင့်တင်ခြင်းဆိုင်ရာ Technical Refresh-3 (TR-3) ပက်ကေ့ဂျ်ဖြင့် တည်ဆောက်ထားသော ပထမဆုံးထုတ်လုပ်ရေးတွဲဆိုင်းများဖြစ်သည်။

TR-3 တွင် ပိုမိုကောင်းမွန်သောကွန်ပျူတာပါဝါ၊ မွမ်းမံထားသော မမ်မိုရီယူနစ်နှင့် မြင်ကွင်းကျယ်လေယာဉ်မှူးခန်းမျက်နှာပြင်တို့ပါရှိသောIntegrated Core Processor အသစ်ပါဝင်သည်။ F-35 သည် ကမ္ဘာ့ထိပ်တန်းဘက်စုံသုံး ပဉ္စမမျိုးဆက်တိုက်လေယာဉ်ဖြစ်ပြီး ခေတ်မီသောအဆင့်မြင့် Block 4 စွမ်းရည်များကြောင့် အဆိုပါလေယာဉ်သစ်သည် ခံနိုင်ရည်မြင့်မားကောင်းမွန်စေရုံသာမက စွမ်းဆောင်ရည်ပိုင်းပါတိုးတက်ကောင်းမွန်လာကာ မြေပြင်၊ ဝေဟင်၊ ရေပြင်၊ ဆိုက်ဘာ နယ်ပယ်စုံနှင့် အပြန်အလှန် ချိတ်ဆက်တိုက်ပွဲဝင်လုပ်ဆောင်နိုင်စွမ်းပါ မြင့်မားလာစေကြောင်း Schmidt က ပြောကြားခဲ့သည်။

လွှဲပြောင်းတင်ပို့ပေးပြီးပါက F-35 တိုက်လေယာဉ်များသည် ကမ္ဘာတစ်ဝန်းတွင် တပ်ဖြန့်အသုံးပြုလျက်ရှိကြသော လက်ရှိ F-35 တိုက်လေယာဉ် ၈၉၄ စင်းနှင့်အတူ တာဝန်ထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။ ဂျာမနီ၊ ဆွစ်ဇာလန်၊ ဖင်လန်နိုင်ငံတို့နှင့် Lockheed Martin ၏စာချုပ်များကို အပြီးသတ်လုပ်ဆောင်နိုင်လိမ့်မည်ဖြစ်သည်။



အမေရိကန်နိုင်ငံ Fort Worth တပ်မြို့၊ US Naval Air Station Joint Reserve Base တွင် ပဉ္စမမျိုးဆက်ဒေါင်လိုက်အတက်၊ အဆင်းပြုလုပ်နိုင်သော F-35B ပျက်ကျမှုကြောင့် F-35 တိုက်လေယာဉ်အသစ်များပေးပို့ခြင်းကို ရပ်ဆိုင်းလိုက်ကြောင်း ဒီဇင်ဘာကြေညာချက်ထွက်ပေါ်လာပြီးနောက် ယခုကဲ့သို့သဘောတူစာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

**US Buys Nearly 400 F-35s in $30B Contract ကို ဘာသာပြန်ဆိုထားပါသည်။**

## Kamikaze ဒရုန်းများကိုပစ်ချနိုင်သည့် UAV တိုက်ခိုက်ရေးဒရုန်းများတီထွင်ရန် ယူကရိန်းစီစဉ်နေ



ယူကရိန်းသည် Kamikaze မောင်းသူမဲ့ဒရုန်းများကိုပစ်ချနိုင်သည့် ဝေဟင်မှ ဝေဟင်ပစ်တိုက်ခိုက်ရေးဒရုန်း(UAV)များကို တီထွင်ရန်စီစဉ်နေသည်။ ယူကရိန်းပဋိပက္ခ၏ပထမနှစ်ပတ်လည်နီးကပ်လာသည်နှင့်အမျှ ရုရှား၏ တိုက်ခိုက်ရေးဒရုန်းများအသုံးပြုမှုသည် ဖေဖော်ဝါရီလ သို့မဟုတ် မတ်လတွင် တိုးမြှင့်အသုံးပြုလာနိုင်ကြောင်း Associated Press သတင်းဌာနသို့ ယူကရိန်းနိုင်ငံ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးဝန်ကြီးဌာန ဝန်ကြီး Mykhailo Fedorov က ပြောကြားခဲ့သည်။ ရုရှားနိုင်ငံသည် ယူကရိန်းပိုင်နက်ကို ပိုမိုသိမ်းပိုက်နိုင်စေရန် ဒရုန်းများဖြင့်တိုက်ခိုက်နိုင်ဖွယ်ရှိသည်ဟု ၎င်းက ဆိုသည်။

Fedorov ၏အဆိုအရ ယူကရိန်းနိုင်ငံသည် ၁၀ ကီလိုမီတာထိ ပျံသန်းနိုင်သည့် ဝေဟင်မှ ဝေဟင်ပစ်တိုက်ခိုက်ရေးဒရုန်း (UAV)များထုတ်လုပ်ရန် လုပ်ဆောင်သွားမည်ဖြစ်သည်ဟု သိရသည်။

"ကျွန်တော်တို့ ယူကရိန်းမှာ ဒရုန်းတွေ UAV တွေ တီထွင်ထုတ်လုပ်နိုင်ဖို့ စကားပြောနေပါတယ်။ ဘာပဲဖြစ်ဖြစ် ဒါက နည်းပညာတွေဖွံ့ဖြိုးတိုးတက်ဖို့ရဲ့ နောက်တစ်ဆင့်ဖြစ်လာမှာပါ"ဟု Mykhailo Fedorov က ဆိုသည်။

ရုရှား၏ ယူကရိန်းအထူးစစ်ဆင်ရေးအတွင်း အနီးကပ်တိုက်ခိုက်ခြင်း၊ ဗုံးကြဲတိုက်ခိုက်ခြင်းများနှင့် ခေတ်မီသော တိုက်ခိုက်ရေးဒရုန်းစနစ်များ အသုံးပြုနေကြသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ရုရှားက Kamikaze ဒရုန်းအများအပြားအသုံးပြု၍ ယူကရိန်းမြို့တော် ကီယက်ဗ်မြို့အပါအဝင် စွမ်းအင်အခြေခံအဆောက်အအုံများကို တိုက်ခိုက်ခဲ့သည်။ အဆိုပါဒရုန်းများကို အီရန်နိုင်ငံမှ ဝယ်ယူထားခြင်းဖြစ်ကြောင်း၊ ယူကရိန်းတပ်ဖွဲ့များကို တိုက်ခိုက်ရန်အတွက် ရုရှားက ဒေသတွင်း၌ Shahed တိုက်ခိုက်ရေးဒရုန်းများထုတ်လုပ်ရာတွင်ကူညီရန် အီရန်က သဘောတူညီခဲ့ကြောင်း သိရသည်။ မဟာမိတ်များ၊ မိတ်ဖက်များနှင့်အတူ အမေရိကန်နိုင်ငံသည် အီရန်၏ အဆိုပါတိုက်ခိုက်ရေးဒရုန်းများပေးအပ်နိုင်မှုနှင့် ယူကရိန်းပြည်သူများအပေါ် ရုရှား၏အသုံးပြုတိုက်ခိုက်နေမှုကို ဖော်ထုတ်ရန်၊ ဟန့်တားရန်နှင့် ထိပ်တိုက်ရင်ဆိုင်ရန်နည်းလမ်းအားလုံးကို ရှာဖွေနေကြောင်း အမေရိကန်အမျိုးသားလုံခြုံရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူ Adrienne Watson က ပြောကြားခဲ့ပြီးဖြစ်သည်။ မကြာသေးမီကပင် ရုရှားနိုင်ငံ Kursk ဒေသရှိ လေယာဉ်ကွင်းတစ်ခုကို အမည်မသိ UAV က တိုက်ခိုက်ခဲ့ရာ ဆီသိုလှောင်ကန်တစ်ခု မီးလောင်သွားခဲ့ကြောင်း သိရသည်။

**Ukraine to Develop UAVs That Can Down Kamikaze Drones ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

## နိုင်ငံတကာ အားကစားသတင်းများ

# ဘရန့်ဖို့ဒ်အသင်းက ဖရိုင်းဘတ်တိုက်စစ်မှူး ကီဗင်ရှိတ်ကို ခေါ်ယူရန် သဘောတူညီမှုရရှိ

**လန်ဒန် ဇန်နဝါရီ ၄**

ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် ရလဒ်ကောင်းများ ပိုင်ဆိုင်ထားသည့်ဘရန့်ဖို့ဒ်အသင်းက တိုက်စစ်ပိုင်း ထပ်မံဖြည့်တင်းရန်အတွက် ဖရိုင်းဘတ်အသင်းမှ တိုက်စစ်မှူး ကီဗင်ရှိတ်ကို စတာလင်ပေါင် ၂၂ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ကြောင်း Fotmob.com က ဖော်ပြခဲ့သည်။

အသက် ၂၁ နှစ်ရှိ တိုက်စစ်မှူး ကီဗင်ရှိတ်သည် ညာတောင်ပံ ကွင်းလယ်နှင့် တိုက်စစ်ပိုင်းတို့တွင် လိုက်ပါကစားနိုင်သကဲ့သို့ ယခုနှစ် ဘောလုံးရာသီ အသင်းတွင်ပါဝင် ကစားခဲ့သည့် ပွဲစဉ်များ၌ ခြေစွမ်း ပြသလျက်ရှိသောကြောင့် ဘရန့်ဖို့ဒ်အသင်းက ခေါ်ယူရန် ဆွေးနွေးခဲ့ရာ ကလပ်အသင်း နှစ်ခုကြား နောက်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ပြီး စတာလင်ပေါင် ၂၂ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့သည်။

ပရီးမီးယားလိဂ်သို့ ယခုနှစ်မှ တန်းတက်လာသည့် ဘရန့်ဖို့ဒ်အသင်းသည် ရာသီပိတ်သိမ်းချိန်တွင် ဆက်လက်ကျန်ရှိရေးအတွက် အသင်း၏ ကွင်းလယ်တိုက်စစ်ပိုင်းအား ထပ်မံဖြည့်တင်းရန်အတွက် ဖရိုင်းဘတ်အသင်း ကစားသမား ကီဗင်ရှိတ်ကိုခေါ်ယူရန် ကာလရှည် စိတ်ဝင်စားခဲ့သော်လည်း လက်ရှိအချိန်မှသာ သဘောတူညီမှုရရှိခဲ့ပြီး ကစားသမားအနေဖြင့် ဘရန့်ဖို့ဒ် အသင်းနှင့် အပြောင်းအရွှေ့ကိစ္စများ အပြီးသတ်နိုင်ရန် ယနေ့တွင် လန်ဒန်သို့ ထွက်ခွာခဲ့သည်။

ကီဗင်ရှိတ်သည် ဖရိုင်းဘတ် အသင်းလူငယ်ကစားသမားတစ်ဦး ဖြစ်ပြီး ၂၀၁၉ ခုနှစ်က ဖရိုင်းဘတ်-၂ အသင်းနှင့် ပရော်ဖက်ရှင်နယ် စာချုပ်ချုပ်ဆိုခဲ့ကာ ခြေစွမ်းပြကစားနိုင်ခဲ့သောကြောင့် ၂၀၂၀ ပြည့်နှစ်တွင် အသင်းကြီးနှင့် ပူးပေါင်းခွင့် ရရှိခဲ့ပြီး ပြိုင်ပွဲစုံ ၃၆ ပွဲပါဝင် ကစားခဲ့ရာတွင် သွင်းဂိုး ခုနစ်ဂိုးထိ သွင်းယူခြေစွမ်းပြသနိုင်ခဲ့ကြောင်း သိရသည်။ ML



### အီတလီစီးရီးအေ ပွဲစဉ် (၁၆) ရလဒ်

| | | | |
|---|---|---|---|
| ဆလာနီတာနာ | ၁ - ၂ | အေစီမီလန် | |
| ဆက်ဆူအိုလို | ၁ - ၂ | ဆမ့်ဒိုးရီးယား | |
| စပီဇီယာ | ၂ - ၂ | အတ္တလန္တာ | |
| တိုရီနို | ၁ - ၁ | ဗီရိုနာ | (ဝ၄ဝ) |

### အားကစားသတင်း အတိုအထွာများ

- ဘာစီလိုနာအသင်း ကစားသမားဘဝမှ အနားယူကြောင်း ကြေညာခဲ့သည့် ခံစစ်ကစားသမားပီကေးသည် ၄င်းပိုင်ဆိုင်သည့် စပိန်ဆီဂန်ဒါကလပ် အန်ဒိုရာအသင်းတွင် ပါဝင်ကစားမည်ဖြစ်ကြောင်း သိရသည်။
- ဘိုင်ယန်မြူးနစ်အသင်းသည် နူအာ၏နေရာတွင်အစားထိုးနိုင်ရန်အတွက် ဂိုးသမားအများအပြားနှင့် ဆွေးနွေးမှုပြုလုပ်ခဲ့ရာ မအောင်မြင်ခဲ့သဖြင့် လိဒ်အသင်းဂိုးသမား မက်စလီယာကို ခေါ်ယူရန် ထပ်မံကြိုးပမ်းခဲ့သည်။
- ခံစစ်ကစားသမား ဝမ်ဘစ်ဆာကာအနေဖြင့် ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် ခြေစွမ်းပြသနေသော်လည်း မန်ယူအသင်းက ရောင်းချရန်သာ ဆုံးဖြတ်ထားကြောင်း သိရသည်။

ML

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖွဲ့ချုပ်ဖလား မြင်းစီးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၄**

(၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အဖွဲ့ချုပ်ဖလား မြင်းစီးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ မြန်မာနိုင်ငံမြင်းစီး အားကစားအဖွဲ့ချုပ်အားကစားကွင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ မြင်းစီးအသင်းမှ လက်ရွေးစင်များ၊ မြင်းစီးကလပ်အသင်းများ၊ မြင်းချစ်မြတ်နိုးသူအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ မြင်းစီးပြိုင်ပွဲကိုကျင်းပခဲ့ပြီးနောက် ဆုပေးပွဲ အခမ်းအနားကိုကျင်းပခဲ့ရာ လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်း၊ ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များက မြန်မာ့ရိုးရာအသားကျပြိုင်ပွဲတွင် ပထမဆုရ ဇေယျာဝင်း(ရွှေဇင်ယော်)၊ ဒုတိယဆုရပြုံးချို(ထိပ်ထား)၊ တတိယဆုရ အောင်ဆန်းလင်း (မြန်မာပြည်ချမ်းချမ်း)၊ ဒုန်းပြိုင်ပွဲ (အငယ်တန်း)ပြိုင်ပွဲတွင် ပထမဆုရ ဇော်မြင့်(ပတ္တမြားမေ)၊ ဒုတိယဆုရ ချစ်လား(အဓိပတိ)၊ တတိယဆုရ ကျော်ထက် (ထိပ်ထား)၊ ဒုန်းပြိုင်ပွဲ (အလတ်တန်း)ပြိုင်ပွဲတွင် ပထမဆုရ ကျော်မင်းကို (ထွန်းတောက်)၊ ဒုတိယဆုရ ချစ်ချစ်နောင်(ထီလာတံခွန်)၊ တတိယဆုရ Sandra (မဲကြီး)၊ ဒုန်းပြိုင်ပွဲ (အကြီးတန်း) ပြိုင်ပွဲတွင် ပထမဆုရ ချစ်လား (ဖျံလွှား)၊ ဒုတိယဆုရ အောင်အောင်စိုး (ရဲရဲတောက်) ၊ တတိယဆုရ မြင့်စိုး(ရွှဝံ)၊ ဒုန်းပြိုင်ပွဲ (အထူးတန်း) ပြိုင်ပွဲတွင် ပထမဆုရ ဖြိုးသီဟဇော် (BONDIROLLAR)၊ ဒုတိယဆုရ နန်းကိုဝင်း (ကစ္စပနဒီ)၊ တတိယဆုရ ဇင်မင်း(မိုးခမ်း)၊ Dresage အလှဦးသန်းနိုင်အောင်၊ တန်းခုန်ပြိုင်ပွဲတွင် ပထမဆုရ ပိုးအိဖြူ (စိန်ဝင်းမယ်)၊ ဒုတိယဆုရ ရှင်းခန့်ဝင်း(မန္တလေးနွယ်)၊ တတိယဆုရ သန်းနိုင်အောင်( စိန်အိမ်သူ) တို့ကို ဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ STA

# Sentry Tournament of Champions ပြိုင်ပွဲတွင် ဇာရာတိုးရစ် ပါဝင်ယှဉ်ပြိုင်မည်

**ဝါရှင်တန် ဇန်နဝါရီ ၄**

အမေရိကန် ဂေါက်သီးရိုက် ကစားသမား ဇာရာတိုးရစ်သည် ဟာဝိုင်ယီကျွန်းတွင် ကျင်းပမည့် Sentry Tournament of Champions ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်ဟု PGA Tour က ယနေ့တွင် ဖော်ပြခဲ့သည်။

ဇာရာတိုးရစ်သည် ဒဏ်ရာပြဿနာကြောင့် လေးလအကြာ အနားယူခဲ့ရသူဖြစ်ပြီး ဒဏ်ရာမှ ပြန်လည် သက်သာလာခဲ့ပြီးနောက် ပြိုင်ပွဲဝင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

Sentry Tournament of Champions ဂေါက်သီးရိုက်ပြိုင်ပွဲသည် PGA Tour ၏ ပထမဆုံးသော ပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် (၂၀) အတွင်း ရပ်တည်နေသည့် ကစားသမား ၁၇ ဦးထိ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ကမ္ဘာ့အဆင့်ရပ်တည်ချက်အတွက် အရေးပါသည့် ပြိုင်ပွဲတစ်ရပ်လည်း ဖြစ်သည်။

ဇာရာတိုးရစ်က "ကျွန်တော့်ရဲ့ နောက်ကျောဒဏ်ရာ အခြေအနေက ရာနှုန်းပြည့်သက်သာသွားပါပြီ။ ဒဏ်ရာပြဿနာကြောင့် ကာလရှည် အနားယူခဲ့ရပြီးတော့ ဒဏ်ရာ သက်သာ ပျောက်ကင်းခဲ့တာက တော့ ဒီဇင်ဘာ ၁ ရက်က ဖြစ်ပါတယ်။ လေးလအကြာ ခံစားရတဲ့ ဝေဒနာတွေဟာ ဒီဇင်ဘာ ၁ ရက်မှာ နာကျင်မှုမရှိတော့ဘဲရာနှုန်းပြည့် သက်သာပျောက်ကင်းခဲ့တာ ဖြစ်ပါတယ်။ လေ့ကျင့်မှုတွေအပြည့်အဝ ပြန်လုပ်နိုင်ခဲ့တယ်။ အခုဆိုရင် ပြိုင်ပွဲဝင်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ကာလရှည်ဝေးကွာခဲ့ရတဲ့ ပြိုင်ပွဲမှာ ပြန်လည်ပါဝင်ခွင့်ရတော့မှာဖြစ်တဲ့ အတွက် စိတ်လှုပ်ရှားမိပါတယ်။ အကောင်းဆုံး လုပ်ပြနိုင်မယ်လို့လဲ ယုံကြည်မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဇာရာတိုးရစ်သည် ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့ပြီးနောက် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် အတူနေချစ်သူဖြင့် မင်္ဂလာပွဲကျင်းပခဲ့ပြီးနောက် ဂေါက်သီးရိုက်ပြိုင်ပွဲဝင်ရန်အတွက် လေ့ကျင့်မှုများပြုလုပ်ခဲ့သူဖြစ်သည်။ AZL

# Adelaide International 1 ကွာတားဖိုင်နယ်အဆင့်သို့ မျက်ဒဗျက်တက်ရောက်

**ကင်ဘာရာ ဇန်နဝါရီ ၄**

Adelaide International 1 တင်းနစ်ပြိုင်ပွဲ ၁၆ ယောက် အဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ရုရှားတင်းနစ်ကစားသမားမျက်ဒဗျက်နှင့်ဆားဘီးယားတင်းနစ်ကစားသမားကက်မာနိုဗစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ မျက်ဒဗျက်က (၆-၀၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Tennis-X သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲအတွက် အကြိုပြိုင်ပွဲအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မျက်ဒဗျက်အနေဖြင့် ပုံစံကောင်းရရှိနေသလို ရလဒ်ကောင်းများလည်း တောက်လျှောက်ရယူနိုင်ခဲ့သည်။

ကက်မာနိုဗစ်သည် ကမ္ဘာ့အဆင့်(၁၉)နေရာတွင် ရပ်တည်နေသည့် ကစားသမားတစ်ဦးဖြစ်ပြီး မျက်ဒဗျက်အနေဖြင့် ကက်မာနိုဗစ်အား ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းမှာ ယခင်လက်စွမ်းဟောင်းမျိုး ပြန်လည်ရရှိလာခဲ့ခြင်းကြောင့်ဖြစ်သည်။

မျက်ဒဗျက်က"Adelaide International 1 တင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်နေတဲ့ ပြိုင်ပွဲဝင်တွေဟာ ကမ္ဘာ့အဆင့် ကစားသမားများတယ်။ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲအကြိုအနေနဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြတာ ဖြစ်တဲ့အတွက်ကြောင့်လဲ ကမ္ဘာ့အဆင့်ကောင်းတဲ့ ကစားသမားတိုင်း ပါဝင်ယှဉ်ပြိုင်နေကြတယ်။ ကက်မာနိုဗစ်ဟာ ခက်ခဲတဲ့ ပြိုင်ဘက်ကောင်း တစ်ယောက်ပါ။ ကက်မာနိုဗစ်လိုကစားသမားမျိုးကို



အခုလိုပြတ်သားတဲ့ ရလဒ်နဲ့အနိုင်ရလိမ့်မယ်လို့ ထင်မထားမိပါဘူး။ ဒီနေ့ပွဲစဉ်မှာ ကျွန်တော့်ရဲ့ ပုံစံကောင်းတွေ ပြန်ရခဲ့တယ်လို့ခံစားမိပါတယ်။ ပုံစံကောင်းနဲ့ ပြန်ကစားနိုင်ခဲ့လို့လဲ ဝမ်းသာပါတယ်။ ကွာတားဖိုင်နယ်အဆင့်အတွက်လဲ အကောင်းဆုံး ပြင်ဆင်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# စပိန်လာလီဂါအဖွဲ့ချုပ်က ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်ခဲ့သည့် ဘာစီလိုနာအသင်းကို စတာလင်ပေါင် ၇၀၅၀၀၀ ပြစ်ဒဏ်ချမှတ်




**မက်ဒရစ် ဇန်နဝါရီ ၄**

စပိန်လာလီဂါအဖွဲ့ချုပ်က ဘဏ္ဍာရေး စည်းမျဉ်းချိုးဖောက်မှုများကြောင့် ဘာစီလိုနာအသင်းကို ဒဏ်ကြေးငွေ စတာလင်ပေါင် ၇၀၅၀၀၀ ပြစ်ဒဏ်ချမှတ်ခဲ့သည်ဟု မာကာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ဘာစီလိုနာ အသင်းသည် ပြီးခဲ့သည့် ၂၀၂၀ ခုနှစ်မှစတင်ပြီး အသင်းဝင်ငွေ နည်းပါးမှုနှင့်အတူ ကစားသမားများအပေါ် မြင့်မားသည့်လုပ်ခလစာငွေ ပေးချေရမှုများကြောင့် ဘဏ္ဍာရေးအင်အား ပိုင်းကျဆင်းလာခဲ့ပြီးနောက် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်း ဘုတ်အဖွဲ့များ အပြောင်းအလဲ ပြုလုပ်ခဲ့ရသကဲ့သို့ ဒေဝါလီမခံရရန်အတွက် ရုန်းကန်ခဲ့ရသည်။

လက်ရှိအချိန်ထိ ဘာစီလိုနာ အသင်းသည် အသင်းဘဏ္ဍာရေး ပြဿနာကို အလုံးစုံဖြေရှင်းနိုင်ခြင်းမရှိသေးဘဲ ပြီးခဲ့သည့်နှစ်ဘောလုံးရာသီအကုန်က ဒန်နီ အဲဝက်နှင့် ခရစ်စတန်ဆန်တို့ကို ခေါ်ယူခဲ့ခြင်းနှင့် ခံစစ်ကစားသမား အာရှုဂျိုကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုမှုများပြုလုပ်ခဲ့ကာ အသင်းဘဏ္ဍာရေးချိုးဖောက်မှုများပြုလုပ်ခဲ့သည့်အတွက် စပိန်လာလီဂါဘောလုံးအဖွဲ့ချုပ်က စတာလင်ပေါင် ၇၀၅၀၀၀ ဒဏ်ကြေးငွေချမှတ်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းဘဏ္ဍာရေး အကျပ်အတည်းများကိုဖြေရှင်းနိုင်ရန်အတွက် စီနီယာကစားသမားများကို လုပ်ခလစာများလျှော့ချခြင်း၊ အသင်းအိမ်ကွင်းအမည်ကို ရောင်းခဲ့ခြင်း၊ အသင်းပိုင်ရှယ်ယာအချို့ကိုရောင်းချခဲ့ခြင်း၊ အသင်းမူပိုင် ရုပ်သံထုတ်လွှင့်ခွင့်အချို့ကို ရောင်းချခဲ့ခြင်းများပြုလုပ်ခဲ့သော်လည်း လက်ရှိအချိန်ထိ ဘဏ္ဍာရေး အကျပ်အတည်းနှင့် ကြုံတွေ့နေရခြင်း ဖြစ်ကြောင်း သိရသည်။ STA

# ကွင်းလယ်ကစားသမား ဘန်ဒီဘိခ် ပွဲထွက်ခွင့်ရရှိသော်လည်း ဒဏ်ရာကြောင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရ

**မန်ချက်စတာ ဇန်နဝါရီ ၄**

မန်ယူအသင်းတွင် ပုံမှန်ပွဲကစားခွင့်ပျောက်ဆုံးနေသည့် ကွင်းလယ်ကစားသမား ဘန်ဒီဘိခ်သည် ဘုန်းမောက်အသင်းနှင့် ပွဲစဉ်တွင် ပွဲထွက်ခွင့်ရရှိခဲ့သော်လည်း ဒဏ်ရာပြဿနာကြောင့် လူစားလဲထွက်ခွာခဲ့ရကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ကွင်းလယ် ကစားသမား ဘန်ဒီဘိခ်သည် အေဂျက်အသင်းမှ မန်ယူအသင်းသို့ ၂၀၂၀ ပြည့်နှစ်က ရောက်ရှိခဲ့ပြီး အသင်းတွင် ပုံမှန်ပွဲကစားခွင့် ပျောက်ဆုံးခဲ့သဖြင့် ခြေစွမ်းပိုင်း ကျဆင်းလာခဲ့သော်လည်း နည်းပြသစ်တန်ဟတ်က ဘုန်းမောက်အသင်းနှင့် ပွဲစဉ်တွင် ၎င်းကိုအခွင့်အရေးပေး၍ ပွဲထွက်ခွင့်ပြုခဲ့ရာ ပထမပိုင်းပွဲပြီးဆုံးခါနီးတွင် ရရှိခဲ့သည့်ဒဏ်ရာကြောင့် အသင်းဖော်ကစားသမား ဂါနာချိုနှင့် လူစားလဲထွက်ခွာခဲ့ရသည်။

ဘန်ဒီဘိခ်သည် မန်ယူအသင်းသို့ ရောက်ရှိပြီးနောက်ပိုင်း အမှတ်ပေးပြိုင်ပွဲတွင် ၂၀၂၀-၂၀၂၁ ဘောလုံးရာသီနှင့် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီတို့တွင် ပွဲထွက်ခွင့်ကိုးပွဲသာရရှိခဲ့ကာ ယခုနှစ်တွင်လည်း ပွဲထွက်ခွင့်နှစ်ပွဲသာ ရရှိထားသောကြောင့် အသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေသူဖြစ်ပြီး လက်ရှိတွင် ဒဏ်ရာပြဿနာကြောင့် အသင်း၏ပွဲစဉ်များကို ထပ်မံလွဲချော်မည်ဖြစ်သည်။

မန်ယူအသင်းသည် ဘုန်းမောက်အသင်းနှင့်ပွဲစဉ်တွင် ကက်စမဲရိုး၊ လုခ်ရှော၊ ရက်ရှ်ဖို့ဒ်တို့၏ သွင်းဂိုးဖြင့် သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောကြောင့် အမှတ်ပေးဇယား အဆင့် (၄) နေရာထိ တက်ရောက်နိုင်ခဲ့ပြီး လာမည့် ဇန်နဝါရီ ၇ ရက်တွင် အက်ဖ်အေဖလားပွဲစဉ်အဖြစ် အဲဗာတန်အသင်းကို အိမ်ကွင်းတွင် ဧည့်ခံကစားရမည်ဖြစ်ကြောင်း သိရသည်။ ML

# ဝယ်သာဝိတ်တန်းချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် စတာနိုက်နစ်နှင့်ဗာဂျီအော့တစ်ဇ်တို့ ယှဉ်ပြိုင်ထိုးသတ်သွားမည်

**တက္ကဆက် ဇန်နဝါရီ ၄**

WBA (Regular) ဝယ်သာဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ လစ်သူယေးနီးယားလက်ဝှေ့သမား စတာနိုက်နစ်သည် စိန်ခေါ်သူ အမေရိကန်လက်ဝှေ့သမားဗာဂျီအော့တစ်ဇ်နှင့် မတ် ၁၈ရက်တွင် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စတာနိုက်နစ်နှင့် ဗာဂျီအော့တစ်ဇ်တို့သည် ဗာဂျီအော့တစ်ဇ်၏ မွေးရပ်ဖြစ်သည့် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဂရန်းပရဲရီမြို့တွင် ထိုးသတ်ရန် သဘောတူညီမှုရရှိထားသည်။

စတာနိုက်နစ်သည် ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ပြီးနောက် လက်ရှိချန်ပီယံဆုကို ပထမဆုံးအကြိမ်ကာကွယ်မည်ဖြစ်သည်။

အမေရိကန် လက်ဝှေ့သမား ဗာဂျီအော့တစ်ဇ်သည် လက်ရှိချန်ပီယံအား စိန်ခေါ်ထိုးသတ်ခွင့်ရရှိထားသည့် ကစားသမားဖြစ်ပြီး မွေးရပ်မြေတွင်လည်း ထိုးသတ်ရမည်ဖြစ်ကာ ထိုးသတ်ကြေးအဖြစ် ဗာဂျီအော့တစ်ဇ်က ၂၅ ရာခိုင်နှုန်း ခံစားခွင့်ရမည်ဖြစ်ပြီး လက်ရှိချန်ပီယံက ၇၅ ရာခိုင်နှုန်း ခံစားခွင့်ရမည်ဖြစ်သည်။

ဗာဂျီအော့တစ်ဇ်က "ကျွန်တော်မျှော်လင့်နေတဲ့စိန်ခေါ်ပွဲကိုထိုးသတ်ခွင့်ရတော့မယ်။ ကျွန်တော့်ရဲ့မွေးရပ်မြေမှာ ယှဉ်ပြိုင်ခွင့်ရမှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ ကျွန်တော့်ရဲ့ ဆွေမျိုးသားချင်းနဲ့ သူငယ်ချင်းမိတ်ဆွေတွေ ရှေ့မှာ ထိုးသတ်ခွင့်ရမဲ့ အခွင့်အရေးကိုလဲ မျှော်လင့်နေတာကြာပါပြီ။ ဒီစိန်ခေါ်ပွဲဟာ ကျွန်တော့်အတွက် ကြီးမားတဲ့ စိန်ခေါ်မှုတွေ ရင်ဆိုင်ရလိမ့်မယ်ဆိုတာကို နားလည်ပါတယ်။ ဒါကြောင့်လဲ အကောင်းဆုံး ပြင်ဆင်ထားပါတယ်။ စတာနိုက်စ်နစ်ဟာ ဝယ်သာဝိတ်တန်းမှာ အန္တရာယ်ရှိတဲ့ လက်ဝှေ့သမားတစ်ယောက်ပါ။ သူ့ကို ထိပ်တိုက်ရင်ဆိုင်ဖို့ ခက်ခဲနိုင်ပေမဲ့လဲ ကျွန်တော့်ရဲ့ ပြင်ဆင်မှုတွေက စတာနိုက်နစ်ကိုကျော်ဖြတ်နိုင်လိမ့်မယ်လို့လဲ ယုံကြည်ပါတယ်။ ကျွန်တော့်ရဲ့မွေးရပ်မြေမှာ ချန်ပီယံခါးပတ်ကို ကိုင်မြှောက်ပြခွင့်ရချင်တယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL




# ဂွါရာနီအသင်းမှ ဂိုးသမား ဗက်ကွက်စ်ကို အေစီမီလန်အသင်းက သုံးနှစ်ခွဲစာချုပ်ဖြင့်ခေါ်ယူ

**မီလန် ဇန်နဝါရီ ၄**

အေစီမီလန် အသင်းသည် ဒဏ်ရာကြောင့် အနားယူနေရသည့် ဂိုးသမားမိုင်ဂနန်၏ နေရာတွင် အစားထိုးနိုင်ရန်အတွက် ပါရာဂွေးကလပ် ဂွါရာနီအသင်းမှ ဂိုးသမား ဗက်ကွက်စ်ကို သုံးနှစ်ခွဲစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် အသင်း၏ ဦးစားပေးဂိုးသမား မိုင်ဂနန်သည် ခြေသလုံးကြွက်သား ဒဏ်ရာကြောင့် ပြီးခဲ့သည့် စက်တင်ဘာလကတည်းက အနားယူနေရသဖြင့် ၎င်း၏နေရာတွင် အစားထိုးနိုင်ရန်အတွက် ပါရာဂွေးကလပ် ဂွါရာနီအသင်းတွင် လက်စွမ်းပြကစားနေသည့်ဂိုးသမား ဗက်ကွက်စ်ကို အသင်းတာဝန်ရှိသူများက သုံးနှစ်ခွဲစာချုပ်ဖြင့် လာမည့် ၂၀၂၆ ခုနှစ် ဇွန်လထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ ဂိုးသမား ဗက်ကွက်စ်အနေဖြင့် ပြီးခဲ့သည့် တနင်္လာနေ့က အေစီမီလန်အသင်းနှင့် ဆေးစစ်မှုအောင်မြင်ခဲ့ပြီး ယခုအခါ အပြောင်းအရွှေ့အတွက် အပြီးသတ်စာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း အေစီမီလန်အသင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

အေစီမီလန် အသင်းနည်းပြ ပိုင်အိုလီက "ဂိုးသမား မိုင်ဂနန်အနေနဲ့ ဒဏ်ရာပြန်ကောင်းဖို့ အချိန်တစ်ခုထိ လိုအပ်မှာဖြစ်ပါတယ်။ သူမပါနိုင်တဲ့ ပွဲစဉ်တွေမှာ အသင်းအနေနဲ့ ခံစစ်ကစားပုံ အားနည်းခဲ့တာပါ။ ဒါကြောင့် မိုင်ဂနန်နေရာမှာ အစားထိုးနိုင်ဖို့ ကိုလံဘီယာကစားသမား ဗက်ကွက်စ်ကို ထပ်မံခေါ်ယူခဲ့တာပါ။ သူ့အနေနဲ့လဲ ဦးစားပေး ပွဲထွက်ခွင့်အတွက် ဂိုးသမားမီရန်တီ၊ တာတာရူဆန်နူတို့နဲ့ ယှဉ်ပြိုင်သွားရမှာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML




# မြန်မာ့လက်ရွေးစင်အသင်းဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့သည့် ၂၀၂၂ အာဆီယံမစ်ဆူဘီရှီအီလက်ထရစ်ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များပြီးဆုံး

**ရန်ကုန် ဇန်နဝါရီ ၄**

မြန်မာ့လက်ရွေးစင် အသင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အာဆီယံဒေသတွင်း အစဉ်အလာအကြီးမားဆုံး ပြိုင်ပွဲဖြစ်သည့်၂၀၂၂အာဆီယံမစ်ဆူဘီရှီ အီလက်ထရစ်ဖလားပြိုင်ပွဲအုပ်စုပွဲစဉ်များ ပြီးဆုံးခဲ့ပြီးနောက် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းနှင့်အတူ အစဉ်အလာကြီးမားသည့်အသင်းများဖြစ်သည့် အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းအသင်းတို့ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်းသည် အုပ်စုပွဲစဉ်လေးပွဲကစားခဲ့ရာတွင် တစ်ပွဲမှအနိုင်မရရှိခဲ့ဘဲ လာအိုအသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ကျန်သုံးပွဲဖြစ်သည့် မလေးရှားအသင်းနှင့် ပွဲစဉ်တွင် တစ်ဂိုး ဂိုးမရှိ၊ စင်ကာပူအသင်းနှင့် ပွဲစဉ်တွင် သုံးဂိုး နှစ်ဂိုးနှင့် ဗီယက်နမ်အသင်းနှင့်ပွဲစဉ်တွင် သုံးဂိုး ဂိုးမရှိဖြင့် အသီးသီးရှုံးနိမ့်ခဲ့ပြီး အုပ်စုစတုတ္ထနေရာတွင်သာ ရပ်တည်နိုင်ခဲ့ပြီးနောက် အုပ်စုအဆင့်မှပင် ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

၂၀၂၂ အာဆီယံ မစ်ဆူဘီရှီအီလက်ထရစ်ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များပြီးဆုံးချိန်တွင် အုပ်စု(က)၌ ထိုင်းအသင်းက ရမှတ် ၁၀ မှတ်ဂိုးကွာခြားချက်အသာဖြင့် အုပ်စုပထမ၊ အင်ဒိုနီးရှားအသင်းကလည်း ရမှတ် ၁၀ မှတ်ဖြင့် အုပ်စု ဒုတိယတို့ဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး ကမ္ဘောဒီးယားအသင်းက ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုတတိယ၊ ဖိလစ်ပိုင်အသင်းက ရမှတ် သုံးမှတ်ဖြင့် အုပ်စုစတုတ္ထနှင့် ဘရူနိုင်းအသင်းက ရမှတ်မရှိခဲ့ဘဲ အုပ်စုအောက်ဆုံးနေရာတွင် ရပ်တည်ခဲ့သည်။

အလားတူ မြန်မာ့လက်ရွေးစင်အသင်းပါဝင်သည့် အုပ်စု(ခ)တွင် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းက ရမှတ် ၁၀ မှတ်ဖြင့် အုပ်စုပထမ၊ မလေးရှားအသင်းက ရမှတ်ကိုးမှတ်ဖြင့် အုပ်စုဒုတိယနေရာတွင် ရပ်တည်ပြီး ဆီမီးဖိုင်နယ်အဆင့်တက်ရောက်နိုင်ခဲ့ကာ စင်ကာပူအသင်းက အုပ်စုတတိယ၊ မြန်မာအသင်းက အုပ်စုစတုတ္ထ၊ လာအိုအသင်းက အုပ်စုအောက်ဆုံးတွင် ရပ်တည်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# လွတ်လပ်ရေးသမိုင်းလမ်းကြောင်းပေါ်မှ စိတ်ဓာတ်အင်အားပုံရိပ်များ

နိုင်(မိတ္ထီလာ)

"ကျွန်ုပ်တို့နိုင်ငံသည် သမိုင်းစဉ်တစ်လျှောက်တွင် တိုက်ပွဲအထွေထွေ၊ ရန်စွယ်အသွယ်သွယ်နှင့် ကြိမ်ဖန်များစွာ တွေ့ကြုံခဲ့ရသဖြင့် သူရသတ္တိပြည့်စုံသည့် အာဇာနည်သူရဲကောင်းအမြောက်အမြား ထွက်ပေါ်လာခဲ့ရပေသည်။ ခေတ်အဆက်ဆက် သမိုင်းပေးတာဝန်ကိုပြောင်မြောက်စွာထမ်းဆောင်ခဲ့ကြသော အာဇာနည်သူရဲကောင်းတို့၏ နိုင်ငံနှင့်အမျိုးအကျိုးစီးပွားအတွက် စွန့်လွှတ်၊ စွန့်စားဆောင်ရွက်သွားချက်များမှာ ကမ္ဘာကြေသော်လည်း ဥဒါန်းကျေနိုင်အံ့ မထင်ပေ။"

ဤအဆိုကား ၁၉၇၆ ခုနှစ်ထုတ် စစ်ပညာဂျာနယ် အတွဲ ၁၉၊ အမှတ်-၃၊ ၄ လာ ဖော်ပြချက်ဖြစ်သည်။ ထိုအဆိုမှ သူရသတ္တိကိုဖွင့်ဆိုရာတွင် သူရသတ္တိဟူသည် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံး ဖြူဖြူစင်စင်ဖြင့် အများအကျိုး၊ နိုင်ငံအကျိုးအတွက် ရဲရဲရင့်ရင့် စွန့်လွှတ်၊ စွန့်စားပြုမူဆောင်ရွက်တတ်သည့် စိတ်ဓာတ်ပင်ဖြစ်၏။

၁၈၂၆ ခုနှစ် ပထမအင်္ဂလိပ်-မြန်မာ စစ်ပွဲကြီးပြီးဆုံးချိန်တွင် အရှုံးနှင့်ရင်ဆိုင်လိုက်ရသော မြန်မာများသည် ရုတ်တရက်သော်အံ့အားသင့်သွား ကြသည်။ ဓားလျှင် ဓားချင်း၊ သေနတ်လျှင် သေနတ်ချင်းယှဉ်ပြိုင်ထိုးခုတ်ပစ်ခတ်၍ အမြဲတမ်းအနိုင်ရရှိခဲ့ကြသည့် မြန်မာများသည် လက်နက်အားဖြင့် ပိုမိုကြီးမားဆန်းပြားသော ရန်သူကို ကြောက်ရွံ့သွားကြသည်။ အငိုက်မိသွားသော မြန်မာများသည် ထိုစဉ်က ပြန်လည်တိုက်ခိုက်ရန်၊ တော်လှန်ရန်ဟူ၍ အသိတရားပင်ရှိပင်ရှိငြားလည်း အင်အားကြီးမားသူကို ကြက်သေသေ၍သာ ကြည့်နေခဲ့ကြသည်။ ၁၈၅၂ ခုနှစ်မှ ၁၈၅၃ ခုနှစ်တို့တွင်ဖြစ်ပွားသော ဒုတိယအင်္ဂလိပ်-မြန်မာ စစ်ပွဲကြီးအတွင်းနှင့် စစ်ပွဲပြီးဆုံးချိန်တို့၌မူ မြန်မာ့လွတ်လပ်ရေးအတွက် အသက်ပေါင်းများစွာနှင့် လဲလှယ်နိုးရင်းကာ ပထမဆုံးအကြိမ် တော်လှန်ကြပေပြီ။ နိုင်သည် ရှုံးသည်အပထား၊ အင်္ဂလိပ်တို့၏ မတရားသြဇာလွှမ်းမိုးမှုကို မခံနိုင်သဖြင့် ဆန်းပြားသောလက်နက်ကိုပင်မမှု၊ ကြောက်ရွံ့နောက်တွန့်ခြင်း မရှိနိုင်အောင် စိတ်အင်အားခိုင်မာခဲ့ကြသည်။

သို့ဖြင့် ၁၉၄၅ ခုနှစ် မတ်လ တော်လှန်ရေးကြီး၏ ရှေ့ပြေးဖြစ်သော ၁၈၅၃-၁၈၅၄ ခုနှစ် မြန်မာ့တော်လှန်ရေးကြီးကား ကြောက်ခမန်းလိလိ စတင်ခဲ့ပေပြီ။ ရန်ကုန်၊ ဓနုဖြူ၊ ပဲခူး၊ ပုသိမ်၊ မော်လမြိုင်၊ မုတ္တမ စသောမြန်မာ့နယ်မြေတစ်လျှောက်တွင် တော်လှန်သူအမြောက်အမြား ပေါ်ပေါက်လာခဲ့သည်။ နတ်ရှင့်ရွှေဗိုလ်သည်လည်းကောင်း၊ ဗိုလ်သာပုံ၊ ဗိုလ်သာဦး၊ ဗိုလ်ကျော်ဇလ အစရှိသူပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ဗိုလ်မြတ်ထွန်းသည်လည်းကောင်း ဆုံးဆုံး၊ ရှုံးရှုံး၊ သေသေ၊ ကျေကျေ ဟူသော 'မြန်မာ့စိတ်ဓာတ်' ဖြင့် မြန်မာ့လွတ်လပ်ရေးအတွက် အသက်ပေး၍၊ စတေး၍ ရင်ဆိုင်တိုက်ခိုက်ကြလေပြီ။

ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲမှ မွေးထုတ်ခဲ့သော မျိုးချစ်တော်လှန်သူများအနက် အင်္ဂလိပ်တို့က ဓားပြဟု ကင်ပွန်းတပ်ခံရသူ ဗိုလ်မြတ်ထွန်းသည် ထင်ရှားသူတစ်ဦးဖြစ်သည်။ ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲအတွင်း ကိုယ်တွေ့မျက်မြင်ဖြစ်သော ဝီလျံအက်(ဖ်)ဘီလောရီ၏ မှတ်တမ်းတွင် ဤသို့တွေ့ရသည်။ ဗိုလ်မြတ်ထွန်းနှင့် အင်္ဂလိပ်တို့ ဓနုဖြူအနီးတွင် ပထမအကြိမ် တိုက်ပွဲဖြစ်ကြသည်။ တိုက်ပွဲဖြစ်ပွားသော ၁၈၅၃ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် "(ဗိုလ်မြတ်ထွန်းအား လိုက်လံရှာဖွေနေကြသည့်)ကျွန်ုပ်တို့၏ တိုက်ရေယာဉ်များသည် ချောင်းတစ်ခုအတိုင်း ဆန်တက်သွားကြသည်။ ငုတ်များ၊ တိုင်များ စိုက်ထားသည့်ကြားမှ ဆက်လက်ချီတက်ရာတွင် မိုင်အနည်းငယ်သွားမိသောအခါ ချောင်း၏နံဘေးတစ်ဖက်တစ်ချက်မှ မြန်မာများက ဒလဟောပစ်ခတ်ကြကုန်သည်။ ကျွန်ုပ်တို့ဘက်မှ အတော်များများပင် ကျဆုံးကြကုန်၏"ဟု မှတ်တမ်းတင်ထားသည်။ ဒုတိယတိုက်ပွဲအကြောင်းတွင်

> ❖ သို့ဖြင့် ၁၉၄၅ ခုနှစ် မတ်လ တော်လှန်ရေးကြီး၏ ရှေ့ပြေးဖြစ်သော ၁၈၅၃-၁၈၅၄ ခုနှစ် မြန်မာ့တော်လှန်ရေးကြီးကား ကြောက်ခမန်းလိလိ စတင်ခဲ့ပေပြီ။ ရန်ကုန်၊ ဓနုဖြူ၊ ပဲခူး၊ ပုသိမ်၊ မော်လမြိုင်၊ မုတ္တမ စသော မြန်မာ့နယ်မြေတစ်လျှောက်တွင် တော်လှန်သူအမြောက်အမြား ပေါ်ပေါက်လာခဲ့သည်။ နတ်ရှင့်ရွှေဗိုလ်သည်လည်းကောင်း၊ ဗိုလ်သာပုံ၊ ဗိုလ်သာဦး၊ ဗိုလ်ကျော်ဇလ အစရှိသူပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ဗိုလ်မြတ်ထွန်းသည်လည်းကောင်း ဆုံးဆုံး၊ ရှုံးရှုံး၊ သေသေ၊ ကျေကျေ ဟူသော 'မြန်မာ့စိတ်ဓာတ်' ဖြင့် မြန်မာ့လွတ်လပ်ရေးအတွက် အသက်ပေး၍၊ စတေး၍ ရင်ဆိုင်တိုက်ခိုက်ကြလေပြီ။ ❖

"ရန်ကုန်မှထွက်ပြီး ဓနုဖြူမှတစ်ဆင့် ဗိုလ်မြတ်ထွန်းရှိသည်ဟု သတင်းရရာအရပ်သို့ အပြင်းချီတက်ကြကုန်သည်။ ချောက်ကမ်းပါးကြီးတစ်ခု၏ ထိပ်သို့ရောက်ခဲ့သည်။ ကမ်းပါးမှာ မတ်စောက်လှချေသည်။ ရှေ့ပိုင်းတပ်သားများသည် ထိုချောက်ကမ်းပါးကြီးထိပ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ချောက်ကမ်းပါးတစ်ဖက်တွင် ချုံနွယ်၊ သစ်ပင်တို့ဖြင့် ပုံဖျက်ထားသောခံကတုတ်အတွင်းမှလည်းကောင်း၊ အနီးတစ်ဝိုက်ရှိ သစ်ပင်များ၊ သစ်ကိုင်းများပေါ်မှလည်းကောင်း ကျည်လုံး၊ ကျည်ဆန်များသည် မိုးသီး၊ မိုးပေါက်များပမာ တစ်ခဲနက်ပြင်းပြင်းထန်ထန်ကျလာသည်။ ထိုမျှ ကြောက်မက်ဖွယ်ကောင်းသည့် တိုက်ပွဲတွင် ပါဝင်ခဲ့သူတစ်ဦး၏အဆိုအရ ရှေ့ဖျားရှိ ကျွန်ုပ်တို့၏စစ်သားအားလုံးကျချေသည်။ တပ်များပြန်ဆုတ်ရာတွင် အမြောက်ကြီးများကိုပင် ပြန်လည်သယ်ယူရန်မဖြစ်နိုင်သဖြင့် ချိုးဖဲ့ဖျက်ဆီးပြီး ပစ်ထားခဲ့ကြရသည်"ဟု ဖော်ပြထားသည်။ လော့ဒ်ဒါလ်ဟိုဇီကိုယ်တိုင် ချီးမွမ်းရသော ဗိုလ်မြတ်ထွန်းကို အင်္ဂလိပ်မျက်နှာဖြူများသည် ရှုံးလည်းရှုံးရသည်။ မုန်းလည်းမုန်းကြသည်။

"၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့သည်ကား ဗမာ့သမိုင်းတစ်လျှောက်လုံးတွင် အဆိုးရွားဆုံးသော ရက်၊ မင်္ဂလာမရှိဆုံးနေ့ဟူ၍ပင် သတ်မှတ်ရချေမည်။ ထိုနေ့တွင် ဗမာပြည်ကို ဗြိတိသျှအင်ပါယာအတွင်းသို့ သွတ်သွင်းလိုက်ပြီဟု ဗြိတိသျှဘုရင်မ ဝိတိုရိယ၏ ကိုယ်စား အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒပ်(ဖ်)ဖရင် (Lord Dufferin)က ကမ္ဘာနှင့်ဗမာကို ကြေညာလိုက်ပေပြီ။ ထိုနေ့တွင်ပင် ဗမာတစ်မျိုးသားလုံး၏ လွတ်လပ်ရေးကား လုံးဝဆုံးရ၊ ရှုံးရချေတော့သည်"ဟု ဗိုလ်မှူးဘသောင်း (မောင်သုတ)က ဖော်ပြထားသည့် ဗမာ့တော်လှန်ရေးသမိုင်းတွင် ဆုံးရှုံးခဲ့ရလေသော လွတ်လပ်ရေးအတွက် စွမ်းစွမ်းတမံတော်လှန်ပုန်ကန်နေသူတို့ကား အသက်နှင့်လဲကာ သတ္တိရှိရှိ၊ မျိုးချစ်စိတ်ပြည့်ပြည့်ထားရှိသည့်အပြင် 'ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုည၊ သုဉ်းသုံးဝဖြင့်၊ သုဉ်းရပြန်လစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရလေ၊ တို့တစ်တွေသည်၊ သေသော်မှတည့်၊ ဩော်. . . ကောင်း၏'ဟူသော အဓိဋ္ဌာန်ဖြင့် မြန်မာများသည် တိုက်ကြ၊ ခိုက်ကြ တော်လှန်ကြလေကုန်သည်။

တော်လှန်သူ မျိုးချစ်များမှာ စိတ်ဓာတ်အင်အား၊ စိတ်ခွန်အား ရင့်သန်လွန်းလှသည်။ တစ်ပြည်လုံးပင် တက်ညီလက်ညီပါဝင်ကြသည်။ ပုဂံမှ ဗိုလ်ချို၊ ပုပ္ပားမှ ဗိုလ်နက်ကျော်၊ ဝန်းသိုမှ စော်ဘွားကြီးဦးအောင်မြတ်၊ ရွှေဘိုမှ ထိပ်တင်မှတ်၊ ကျောက်ဆည်မှ ဗိုလ်သာကျန်၊ ဆင်ဖြူကျွန်းမှ ဦးဥတ္တမ၊ ဝဲလောင်မှ ဗိုလ်ရာညွန့်၊ ကျွန်းခင်းကြီးမှ ဗိုလ်လှကျော်၊ မင်းတုန်းမှ ဗိုလ်ရွှေ၊ ဇီးပင်ကြီးမှ မြင်စိုင်းမင်းသား၊ ရှိမ္ဗကားမှ ဗိုလ်ရှိင်း၊ နတ်မောက်မှ ဗိုလ်မင်းရောင် စသောတော်လှန်ရေးခေါင်းဆောင်ကြီးများသည် လွတ်လပ်ရေးလမ်းစကို ထွန်းညှိပြသကြကုန်သော မီးရှူးတန်ဆောင်ကြီးများပါပေ။ မြန်မာပြည်တစ်နံတစ်လျားတွင် ၎င်းဂယက်အရှိန်ကား ပြင်းထန်လျက်ရှိ၏။ ထိုအဖြစ်အပျက်တို့ကို မျက်မြင်ကိုယ်တွေ့များဖြစ်သော မောင်သာအောင်နှင့် မောင်မြဒင်တို့ ရေးသားခဲ့သည့် 'အထက်ဗမာနိုင်ငံတော်ကို နှိမ်နင်းရေး'ဟူသော သမိုင်းတွင် ဤသို့တွေ့ရ၏။

"ပျဉ်းမနားမှ လယ်ဝန်မောင်စံထွန်းနှင့် ဓားပြဗိုလ် ဗိုလ်အေးတို့သည် အင်အားချင်းပူးပေါင်းလျက် တောင်ညိုလယ်မတွင် အခြေစိုက်ကာ ဗြိတိသျှတို့ ချီတက်လာမှုကို တိုက်ဖျက်ရန်အသင့်စောင့်လျက်ရှိကြသည်။ ရမည်းသင်းမြို့သူကြီး မောင်မင်းနိုင်ကလည်း ဗြိတိသျှတို့ကို တော်လှန်တိုက်ခိုက်ရန် ရမည်းသင်း၌ လူသူစုရုံးလျက်ရှိလေပြီ။ တောင်တွင်းကြီးတစ်ဝိုက်တွင်မူ ဇာတ်ပွဲမင်းသားကြီး ခေါ် ကြည့်မြင်တိုင်မင်းသားနှင့် သူနောက်လိုက်အများက ထိုနယ်ဒေသကို တိုက်ခိုက်သိမ်းယူလျက် ဗြိတိသျှတို့အား တော်လှန်ရန် အစီအစဉ်များပြုလုပ်နေသည်။ ပျော်ဘွယ်၊ ညောင်ရမ်းနှင့် လှိုင်းတက်တို့၏အခြေအနေမှာ ပို၍ဆိုးလေသည်။ ပို၍ဆိုးသည်မှာကား သီပေါဘုရင်က ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့တွင်ချထားသည့် ဗမာ့တပ်များကို ကွပ်ကဲရန် စေလွှတ်ခြင်းခံရသော ဝင်းတော်မှူး ဦးဖောင်သည် ရှမ်းပြည်မှ လက်နက်နှင့် ခဲယမ်းမီးကျောက်အမြောက်အမြားကို ယူချလာပြီးလျှင် အင်္ဂလိပ်တို့နှင့် အပြီးအပိုင်တိုက်ပွဲများဆင်နွှဲရန်အတွက် လှိုင်းတက်၊ ပျော်ဘွယ်နှင့် ညောင်ရမ်းတို့တွင် လူသူများစုဆောင်းလျက်ရှိနေခြင်းပင်ဖြစ်သည်။"

"မိတ္ထီလာမြို့ဝန် မောင်ကြူးကလည်း ဗြိတိသျှတို့အား တစေ့တစောင်းကြည့်ကာ အကဲခတ်ရင်းမိတ္ထီလာမြို့ပေါ်မှာပင်ရှိနေပေသေးသည်။ တစ်ချိန်တည်းတွင်ပင် ဗိုလ်တုတ်ကျော်နှင့် သူလက်အောက်ခံဗိုလ်များက ခေါင်းဆောင်သည့် ရာပေါင်းများစွာသော တော်လှန်တိုက်ခိုက်လိုသူများကလည်း မြင်းခြံနယ်မှ ဝင်လာမည့် အင်္ဂလိပ်တို့ကို တိုက်ဖျက်သုတ်သင်ရန် မိတ္ထီလာမြို့အနောက်ဘက်ရှိ ပင်းမြို့တွင် တပ်စွဲလျက်ရှိကြသည်။ ဗိုလ်ရွှေကလည်း မင်းဘူးနှင့်မကွေးဘက်မှ လက်နက်ကိုင်ဗမာများကိုစု၍ မင်းဘူးရှိ ဗြိတိသျှတပ်များကို ထိုးစစ်ဆင်ရန် စီမံလျက်ရှိချေသည်။

မောင်သာအောင်နှင့် မောင်မြဒင်တို့ မှတ်တမ်းနည်းတူ နိုင်ငံခြားသားမျက်နှာဖြူတစ်ဦး၏ကိုယ်တွေ့မျက်မြင်မှတ်တမ်းကိုလည်း 'ဗမာနိုင်ငံတော်ကိုနှိမ်နင်းရခြင်းအကြောင်း'စာအုပ်တွင်တွေ့ရှိရသည်။ ပြုစုသူမှာ ၁၈၈၇ ခုနှစ်မှ ၁၈၉၀ ပြည့်နှစ်ထိ ဒုတိယမြောက်ကော်မရှင်နာချုပ်(မဟာမင်းကြီး)အဖြစ် ထမ်းရွက်သူ ဆာချားလ်(စ်)ကရော့(စ်)ဝိတ်(Sir Charles Crost-hwaite) ဖြစ်၏။ စာရေးသူက ထိုးစစ်ဆင်မှုကြီး၏ တစ်ကွက်တစ်နေရာမှ မြန်မာ့တော်လှန်ရေး ခေါင်းဆောင်နှစ်ဦး၏ သတ္တိပြောင်ပုံကို ဖော်ကျူးထားခြင်းဖြစ်သည်။ 'မင်းဘူးဒိစတြိတ်တစ်ခုတည်းတွင်ပင် ကျွန်ုပ်တို့ကို အာခံလျက်ရှိနေသူ နှစ်ဦးရှိနေသည်။ ထိုသူတို့မှာ ဗိုလ်ရွှေနှင့် ဗိုလ်ဥတ္တမတို့ဖြစ်ကြသည်။ မင်းတပ်ရွာသူကြီး ဗိုလ်ရွှေမှာ ဗြိတိသျှပိုင် အောက်ဗမာပြည်အတွင်းရှိ သရက်မြို့ ဒိစတြိတ်တစ်လျှောက်တွင် နှစ်ရှည်လများ ဒုက္ခပေးခဲ့ဖူးသူဖြစ်သည်။ ရာဇဝတ်ကောင်များကို အကာအကွယ်ပေးခြင်း၊ တစ်ခါတစ်ရံ သူကိုယ်တိုင်ဦးစီး၍ တစ်ခါတစ်ရံ သူလက်အောက်ရှိ ဓားပြဂိုဏ်းများကို အကူအညီများပေး၍ ကျွန်ုပ်တို့၏ ရွာများကို လာရောက်တိုက်ခိုက်ခဲ့သည်။ ဒုတိယလူမှာ ဗိုလ်ဥတ္တမဖြစ်ပြီး ဗြိတိသျှတို့ကို ရွံရှာမုန်းတီးစိတ် အထူးထားကာ သဲသဲမဲမဲခုခံနေသူများစွာတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ လက်အောက်ငယ်သားများကိုလည်း ထိုစိတ်ဓာတ်မျိုးသွင်းပေးနိုင်ပြီး မင်းဘူးဒိစတြိတ်အနီးတစ်ဝိုက်နှင့် မြောက်ဘက်ဒေသတစ်လျှောက်ကို အနှောင့်အယှက်ပေးနေသည်။ ကျွန်ုပ်တို့တပ်များ၏တိုက်ခိုက်မှုကြောင့် ဗိုလ်ဥတ္တမတို့လူသိုက်သည် မကြာခဏလူစုကွဲရသည်။ သို့ရာတွင် ချက်ချင်းဆိုသလိုပင် ပြန်လည်စုစည်းလာပြန်သည်။ သူနှင့် ဗိုလ်ရွှေတို့သည် အမြဲတစေလက်တွဲလုပ်ဆောင်ကြသဖြင့်လည်း တိုင်းပြည်ကိုကြီးစိုးမင်းမူနိုင်ကြခြင်းဖြစ်သည်။'ဟု ရေးသားပြီး ဗိုလ်ဥတ္တမကို 'မြောက်ပိုင်းဘက်၌ကား ကျွန်ုပ်တို့တပ်များက မည်မျှပင်ကြိုးပမ်းစေကာမူ ဗိုလ်ဥတ္တမ၏သြဇာအာဏာကို မချိုးဖဲ့နိုင်။ တောင်သူလယ်သမားတို့သည် သူနောက်၌ အစဉ်ရှိနေကြသည်'ဟု သုံးသပ်ထားသည်။

ဖော်ပြပါ ခေါင်းဆောင်များ၏ သူရသတ္တိထွန်းပြောင်ပုံသည် ကောက်ကာငင်ကာတင်ပြရသော သာဓကတချို့သာဖြစ်သည်။ ထောင်ပေါင်း၊ သောင်းပေါင်းများစွာသော မြန်မာတော်လှန်ရေးသမားကြီးများသည် တော်လှန်ရေးစိတ်ဓာတ်ပြင်းပြင်းထန်ထန်ဖြင့် နိုင်ငံ၏ နေရာအနှံ့အပြား၌ ခန့်ညားပျပ်ဝပ်ခြင်းမရှိဘဲ အနှစ်နှစ်အလလ ပုန်ကန်ခဲ့ကြသည်ကို သမိုင်းက သက်သေခံလျက်ရှိပေသည်။

လွတ်လပ်ရေးကြိုးပမ်းမှု ခရီးရှည်ကြီးတွင် အမျိုးသားရေးနိုးကြားမှုအဖြစ် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ အသင်း၏ အပတ်တကုတ်ဆောင်ရွက် မှုများ၊ ၁၉၃၀ ပြည့်နှစ်နှင့် တို့ဗမာအစည်းအရုံး၊ ဆရာစံတော်လှန်ရေးကြီး၊ ပထမကျောင်းသားသပိတ်(၁၉၂၀)၊ ဒုတိယကျောင်းသားသပိတ်(၁၉၃၆)၊ တတိယကျောင်းသားသပိတ်(၁၉၃၈)၊ (၁၃၀၀ ပြည့်အရေးတော်ပုံ)၊ နေသူရိန်ညီလာခံ၊ ကန္တီစာချုပ်၊ အောင်ဆန်း-အက်တလီစာချုပ်၊ ပင်လုံစာချုပ်အစရှိသည့် လှုပ်ရှားမှုများတွင် စိမ့်ဝင်နေသော လှုပ်ရှားသူများ၏ လွတ်လပ်ရေးအတွက် ပေးဆပ်လိုစိတ်များကား ရဲရင့်သော၊ နောက် မတွန့်သော၊ သတ္တိသွေးထက်မြက်သော၊ မျိုးချစ်အာဇာနည်များအဖြစ် ဆိုက်ရောက်စေပါသည်။ လွတ်လပ်ရေးအတွက် ပေးဆပ်ခဲ့လေသော တိုင်းချစ်၊ ပြည်ချစ်၊ ဇာတိချစ်လေသူအပေါင်းသည် နိုင်ငံအတွက် အစတေးခံနှလုံးသားပိုင်ရှင်များပီပီ ထိုပုဂ္ဂိုလ်ကြီးများ၏ ရဲရည်၊ ရဲသွေး မြောက်သူရသတ္တိမှာ လွတ်လပ်ရေးသမိုင်းလမ်းကြောင်းပေါ်မှ မြန်မာ့စိတ်ဓာတ်ကို မော်ကွန်းထိုးနေကြောင်း ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင်ကျရောက်ခဲ့သည့် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မှတ်တမ်းကမ္ပည်းထိုးအပ်ပါသတည်း။

**ကိုးကား**

**(၁) ဗမာ့တော်လှန်ရေးသမိုင်း ဗိုလ်မှူး ဘသောင်း (မောင်သုတ)**
**(၂) တပ်မတော်သမိုင်း ၁၉၄၅-၁၉၄၈(တတိယတွဲ)**

# Speech delivered by State Administration Council Chairman Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing at Diamond Jubilee Independence Day 2023



Senior General Thadoe Maha Thray Sithu Thado Thiri Thudhamma Min Aung Hlaing addresses Diamond Jubilee Independence Day ceremony.

**Nay Pyi Taw January 4**

**Distinguished guests and all esteemed national brethren of the Union,**

Today is truly auspicious as we celebrate the momentous occasion of the 75th Anniversary (Diamond Jubilee) of Independence of the Republic of the Union of Myanmar. On this auspicious occasion, I would like to extend my warmest felicitations and greetings as well as best wishes for health, happiness, and prosperity to all the national races residing in the country in harmony and friendship.

Our motherland, Myanmar, has prospered as a dignified nation when we enjoyed solidarity and unity amongst all national races during the reigns of Kings Anawrahta, Bayintnaung, and Alaungphaya. Nonetheless, when unity was weakened, the colonialists waged three aggressive wars against Myanmar. As a result, Myanmar was enslaved, leading to loss of its own monarchy and sovereignty. The imperialists oppressed and exploited Myanmar in political, economic and social aspects through various means. Colonizers used a divide-and-rule strategy to drive a wedge between national races by dividing hilly regions from the mainland in an effort to prolong their colonialist dominance. However, under the able leadership of ethnic leaders, the entire national races of the Union sacrificed their sweat and blood for the great cause of regaining our independence. Consequently, Myanmar regained its independence and sovereignty on 4 January 1948. The cost of achieving Independence through sacrifices of the lives, blood and sweat of the ethnic nationals was indeed high. Even after we regained our independence, the negative impacts of the divide-and-rule system lingered, sparking the emergence of numerous internal armed organizations within the nation. On the bright side, the struggle for independence has fostered a strong sense of patriotism, nationalism and unity amongst all our national races. The history of the struggle for independence has proven that we are crowned with victory when all our national races were unified.

Since our country has been ruled by colonialists for almost a century, there were hardships in the history of our independence struggle. Many sacrificed everything in their quest for independence, including their limbs and lives. They are, in fact, the architects of our independence who contributed towards the perpetuation of our independence. **We observed a two-minute moment of silence to pay tribute to them on this special day.**

Independence can be lost in a flick of a moment, but it takes years to regain. Therefore, I would like to earnestly urge the entire national races to join hands in safeguarding and perpetuating sovereignty and independence.

**Distinguished guests and all esteemed national brethren of the Union,**

Our country has existed as a union since the days of the ancient monarchs. Our country has been under different political systems since independence, such as the parliamentary democratic system, the Tatmadaw-led government that temporarily assumed state responsibilities, the single-party system led by the Burma Socialist Programme Party, the Tatmadaw government, and the multi-party democratic political system. Based on the experiences gained throughout our history, from the monarchy to the present, our government has formulated the following two political objectives which best suits for the nation and the people: **to strengthen the genuine, disciplined multiparty democracy system and to build the union system based on democracy and federalism.**

In realisation of the said two political objectives, active participation of all citizens is of paramount importance. While adhering to the provisions prescribed in the Constitution, it is also important to avoid actions and activities that might deviate from the democratic course. As rule of law is prerequisite to ensure stable and strong democracy, **"No one is above the law"**.

There are divergent views with respect to democracy or the federal system when it comes to building a Union aspired by all ethnic nationals. Regardless of differences, it is crucial to choose a system that best suits for our country. Just as democracy calls for fulfilling the wishes of the majority, it also required to heed the aspirations of the minority. People with diverse perspectives and goals could not be viewed as the adversary; they should also not be subjected to prejudice or exclusion because such beliefs are incompatible with democratic ideals. A cult of personality is opposed to democracy which not only causes a detrimental impact on union cohesion but also social division.

There are various interpretations of the federal system that use different norms; however, the expression implies cohesion and concordance in essence. This requires us to be aware that no state or territory is home to just one national race; rather, different races are scattered throughout a state or region. Our country regained independence after overcoming the storm of colony because of the cohesion and unity of all national races. **I would like to strongly urge all our national races to uphold the fine tradition of unity in order to build a genuine, disciplined multiparty democracy as well as a Union based on democracy and the federalism through patience, understanding and brotherly spirit.**

**Distinguished guests and all esteemed national brethren of the Union**

The State, on the other hand, has been exerting its utmost efforts in all sectors to achieve national development and food security, which are the two national policies, and has adopted the motto "The strength of the nation lies only within". People who depend on agriculture and livestock breeding make up over 70 percent of the rural population of the nation. Technology-assisted production and sales of value-added products in the agricultural, livestock breeding, and other sectors would guarantee not only self-sufficiency but also export promotion and increased income of our citizens. Efforts will be made to formulate the objectives to reverse the status of an importer who have to import basic consumer products into a status of exporter, who can produce products not only for domestic needs but also for export surplus.

We need to approach this with **"a global perspective"**. Food, shelter, and clothing are the three fundamental requirements of all human beings. The global population was approximately 6.1 billion in 2000, 7.8 billion in 2020, and approximately 8 billion in 2022 and the population is increasing annually. There will be a proportionately larger need for food, clothing, and shelter and housing as the population grows. Food demand, in particular, will be extremely high. Agriculture and livestock- breeding supply the majority of the demand for these basic needs of food, clothing, and shelter. Our country is sandwiched between two of the world's most populous nations. **Myanmar, blessed with favorable weather conditions and a strategic geographical location, is a country that thrives in crop cultivation, fruit cultivation, and livestock breeding. It is critical to seize these opportunities and utilize effectively.** Food security will become increasingly important in the world where demand for these basic human needs rises.

Ours is a country with significant potential to contribute to global food security. Indeed, our country could become the agricultural powerhouse that we once imagined.

Rather than increasing the sown acreage of main crops, plans were underway to increase crop cultivation as mixed cropping and double cropping. If per-acre yield increases, we can expect better development for the country. Similarly, livestock farms must be planned in order to expand livestock manufacturing. If this occurs, the country will have sufficient poultry, meat and fish, as well as served as import substitution and as primary export commodities. **Every nation and individual strives to advance their socioeconomic status. Our collective efforts are necessary to achieve this overarching goal. "Dedicated work and determination enable us to achieve any goal we set."**

In order to build a modern, developed nation, our administration has taken pragmatic steps in the best interests of the entire people. Additionally, for the sake of the nation, I would like to urge all national races to work side-by-side in respective sectors with a view to promoting prosperity and development of the nation.

**Distinguished guests and all esteemed national brethren of the Union**

The government exerting utmost efforts to a better State and to uplift socio-economic condition of our people in accord with the motto: **"Keep Moving Forward to Achieve Our Goal"** in the interests of the country and the people.

**In building a country that practices democratic system, all citizens need to possess knowledge and critical thinking.** This cannot be done overnight but must be initiated a length of time from generation to generation. Human resources are keys to sustainable development, so, emphasis must be placed on the education sector. Thus, the government emphasizes education sector to increase the percentage of school children and literacy rate across the country. The government has set a national goal for all school-aged children to have the chance to learn and finish KG+9 education. Only when they finish KG+9 education at a minimum, will they have solid foundation for vocational education, and so, they can pursue their studies at vocational training schools.

Shool education as well as knowledge of life beyond schools are widely encourged in pursuing edcuation. It is necessary to create opportunities for all citizens to learn vocational education in respective sectors. Hence, the government has made arrangement to create chances for all citizens to accumulate knowledge through reading as it is the simplest and cheapest way of learning. **Moreover, efforts are being made to launch literacy campaigns with a goal to eradicate illiteracy**. Investment plans of education sector will be groundwork for future democratic nation.

*See Page 12*

*From Page 11*

It is necessary to encourage the people to enthusiastically participate in sports activities as part of nationwide movement for ensuring health and fitness of entire people. Plans have been laid out with implementation to turn out new generation of youths who have talents in sports, to be able to represent from regional/national level to international level, with a view to uplifting the prestige of the State and nationals. The government has also set a goal to implement affordable healthcare services in order to meet the healthcare standard and increase life expectancy of the entire people. With effective measures of prevention, control and treatment of the Covid-19, the outbreak of disease and death toll have been reduced and brought under control at present.

In order to develop the state economy and domestic manufacturing capacity, efforts are being made to develop micro, small and medium-scale enterprises (MSMEs). With these measures, the production of finished goods using raw materials from domestic agriculture, livestock farms and natural resources which are major driving force for domestic manufacturing will improve significantly as well.

While striving for the development, natural resources must be utilized in prudent and sensible manner giving due consideration of the future of the State and next generations. As such, it is necessary to conduct environmental conservation and rehabilitation measures for the past environmental degradation. In extracting natural resources, sales of manufacturing finished goods rather than selling in raw form can earn more income, create job opportunities for local people and develop technology and human resources at home.

Moreover, the best ways and means are being sought for generating electricity at full capacity and for having a sufficiency of electricity for both household and manufacturing purposes. Renewable energies such as solar power and hydro power could be conducted and atomic energy in addition to potential wind energy and hydropower will be peacefully used to implement projects in the electric power sector and others.

Strenuous efforts are also being made for the development of the nation in all aspects and undertakings of non-disintegration of the Union and improvement of culture and social sectors. In implementing a social object for deepening the Union Spirit **"to respect and promote the customs and traditions of all National peoples and preserve and safeguard their cultural heritage and national characteristics"**, the Myanmar Traditional Cultural Performing Arts Competition at the national level was successfully organized on a grand scale. Members of the State Administration Council (SAC) organized celebrations to mark relevant State Days on a grand scale. The government has pledged to march towards a modern and developed nation. So, I would like to urge all our national races to cooperate with the government in our march towards the goal in respective sectors.

**Distinguished guests and all esteemed national brethren of the Union**

According to the history and geopolitical conditions of Myanmar, our government has been steadfastly upholding the five principles of peaceful co-existence as the foundation of foreign policy since post-independence period. Currently, Myanmar continues to practise independent, active and non-aligned foreign policy and attaches great importance to world peace and friendly relations with other countries, while practicing 5 principles of peaceful co-existence.

Our government has been serving the State's responsibilities in line with the State Constitution (2008) and cooperating with international organizations such as the United Nations, ASEAN and BIMSTEC and other countries under international law, treaties and conventions. It is seen that some organizations and countries had meddled in the internal affairs of Myanmar. However, we have decided to stand firmly globally, while adhering to our foreign policy in order to safeguard the sovereignty, security and interests of our nation.

Our government has placed emphasis on global affairs and friendly relations with other countries and will closely cooperate with neighbouring countries, such as China, India, Thailand, Laos and Bangladesh, especially in peace, stability and development endeavours of border areas. Our government always ensure for the peace and stability and development of neighbouring countries by adopting a practical policy of **"not allowing any organizations to utilize our territory to conduct activities against our friendly neighbours"**. Likewise, Myanmar maintains close relations with world's major powers.

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဗိုလ်ရှုခံရင်ပြင်သို့ လေထီးအလွတ်ခုန်ဆင်းသက်ပြီး နိုင်ငံတော်အကြီးအကဲကို ဂါရဝပြုခဲ့ကြသည့် လေထီးအရာရှိ၊ စစ်သည်၊ စစ်သမီးနှင့် အခြားအဆင့် လေထီးစစ်သည်၊ စစ်သမီးများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဂုဏ်ပြုယာဉ် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအတွက် ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနဂုဏ်ပြုယာဉ်ပထမဆုရရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအတွက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာကိုအတူတကွသုံးဆောင်ကြသည်။ ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့စာတန်း၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းတံဆိပ်၊ တို့ဗမာအစည်းအရုံးတံဆိပ်၊ BIA တံဆိပ်၊ BDA တံဆိပ်၊ လွတ်လပ်ရေးနေ့အလံတင်အခမ်းအနား သရုပ်ဖော်ပုံ၊ လွတ်လပ်ရေးကျောက်တိုင်ပုံ၊ တပ်မတော်မှ ယာဉ်ယန္တရားများ၊ ရေငုပ်သင်္ဘောနှင့် လေယာဉ်ပုံ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ပုံ၊ မြန်မာနိုင်ငံမြေပုံတို့ကို Drone ယာဉ်ငယ်များဖြင့်သရုပ်ပြလွှတ်တင်မှုနှင့် မီးရှူးမီးပန်းများပစ်ဖောက်ခြင်းကို ကြည့်ရှုအားပေးကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊အခမ်းအနားတက်ရောက်လာကြသူများသည် ပဒေသာကပွဲကျင်းပမည့်နေရာသို့ရောက်ရှိကြပြီး ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တေးသံရှင်များနှင့် အနုပညာရှင်များ၊ နိုင်ငံကျော်တေးသံရှင်များနှင့် အနုပညာရှင်များ၏ တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ပဒေသာကပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့်သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တေးသံရှင်များနှင့် အနုပညာရှင်များ၊ နိုင်ငံကျော်တေးသံရှင်များနှင့် အနုပညာရှင်များကို အမှတ်တရပန်းခြင်းများပေးအပ်ပြီး ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

အဆိုပါ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ဒုတိယသမ္မတ(ငြိမ်း) သရေစည်သူဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ ဒုတိယသမ္မတ(ငြိမ်း) သရေစည်သူ ဦးညွန့်ထွန်းနှင့်ဇနီး၊ ခေတ်အဆက်ဆက် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံတော်အကြီးအကဲများ၏ မိသားစုဝင်များ၊ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်များ၊ တပ်မတော်မှ အငြိမ်းစားဗိုလ်ချုပ်ကြီးနှင့် ဒုတိယဗိုလ်ချုပ်ကြီးများ၊ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝင်များ၊ စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများ၊ NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှကိုယ်စားလှယ်များနှင့် NCA စာချုပ်လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် တိုင်းရင်းသားလက်ကိုင်အဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ဌာနဆိုင်ရာအကြီးအကဲများ၊နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊တိုင်းရင်းသား၊တိုင်းရင်းသူများ၊အနုပညာရှင်များ၊အစိုးရမဟုတ်သောအသင်းအဖွဲ့များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲတွင် မီးရှူးမီးပန်းများပစ်ဖောက်မှုကို တွေ့မြင်ရစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

**နေပြည်တော် ဇန်နဝါရီ ၄**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**ချစ်ကြည်လေးစားရပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျာ-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်သော ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် နေ့ထူးနေ့မြတ် အခါသမယတွင် နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကျန်းမာချမ်းသာကြပါစေကြောင်း ချစ်ကြည်လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူများအားလုံးသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ပြီး စည်းလုံးညီညွတ်စွာ အတူတကွ စုပေါင်း၍ ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းဖြင့် နေထိုင်ခဲ့ကြသည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်ခဲ့ပါသည်။ သို့ရာတွင် ၁၉ ရာစုနှောင်းပိုင်း၌ ကိုလိုနီနယ်ချဲ့တို့က ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲပြီး မတရားကျူးကျော်သိမ်းပိုက်ခဲ့သည့်အတွက် မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လက်လွှတ်ဆုံးရှုံးခဲ့ရပါသည်။

သူ့ကျွန်ဘဝတွင် နယ်ချဲ့တို့သည် တိုင်းရင်းသားတို့အပေါ် နည်းအမျိုးမျိုးဖြင့် ဖိနှိပ်သွေးခွဲအုပ်ချုပ်မှုကြောင့် အထင်လွဲမှားမှုများ ရှိခဲ့သော်လည်း တိုင်းရင်းသားခေါင်းဆောင်များ၏ ဦးဆောင်မှုနှင့်အတူ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးတို့က ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကိုလိုနီနယ်ချဲ့နှင့် ဖက်ဆစ်တို့ကို စည်းလုံးညီညွတ်စွာ သက်စွန့်ကြိုးပမ်းတွန်းလှန်ခဲ့ခြင်းကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ကြပြီး ယခုအခါ (၇၅)နှစ်မြောက် စိန်ရတုအခါသမယသို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

လွတ်လပ်ရေးဆုံးရှုံးရန်အတွက် ရက်ပိုင်းလပိုင်းမျှသာ ကြာမြင့်နိုင်သော်လည်း ဆုံးရှုံးသွားသည့် လွတ်လပ်ရေးကို ပြန်လည်ရယူရန်အတွက် ကြိုးပမ်းရာတွင် နှစ်ပေါင်းများစွာကြာမြင့်ခဲ့ရပါသည်။ နှစ်ပေါင်းတစ်ရာကျော်အတွင်း ဘိုးဘွားတို့၏ အသက်သွေးချွေးများစွာပေးဆပ်၍ မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သော်လည်း ကိုလိုနီစနစ်၏အမွေဆိုးကြောင့် တိုင်းရင်းသားအချင်းချင်း လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးကို ထိပါးလာခဲ့ပါသည်။

ရရှိပြီးသောလွတ်လပ်ရေးတည်တံ့ခိုင်မြဲစေရေးအတွက် ပြည်တွင်းပြည်ပ အဖျက်အမှောင့်များ၏ သွေးထိုးလှုံ့ဆော်မှုများ၊ ဖိအားပေးမှုများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအသိဖြင့် သတိကြီးစွာကာကွယ်ကြရမည်ဖြစ်ပါသည်။ ထို့ပြင် ဒို့တာဝန်အရေးသုံးပါးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အစဉ်နှလုံးသွင်းလျက် စစ်မှန်၍ စည်းကမ်းပြည့်ဝပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် ကမ္ဘာတည်သရွေ့ရပ်တည်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်ကြရမည်ဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျာ-**

လူသားများ အသက်ရှင်နေထိုင်လှုပ်ရှားသွားလာရန် လိုအပ်သော စွမ်းအင် (Energy)ကို အစားအသောက်များက ရရှိခြင်းဖြစ်သည့်အတွက် စားနပ်ရိက္ခာလုံခြုံမှုရှိရေး (Food Security) သည် သက်ရှိလူသားများအားလုံးအတွက် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး လိုအပ်ချက်တစ်ခုပင်ဖြစ်ပါသည်။ နိုင်ငံတစ်ခုတွင် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို သင့်တင့်သောဈေးနှုန်းဖြင့် လွယ်ကူလုံလောက်စွာ ဝယ်ယူနိုင်မည်ဆိုပါက အဆိုပါနိုင်ငံကို စားနပ်ရိက္ခာ ပြည့်စုံကုံလုံသောနိုင်ငံအဖြစ် မှတ်ယူနိုင်မည်ပင်ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်အကုန်တွင် ကမ္ဘာ့လူဦးရေသည် ရှစ်ဘီလီယံသို့ ရောက်ရှိပြီဖြစ်သောကြောင့် လူဦးရေတိုးမြင့်လာခြင်းနှင့်အတူ စားနပ်ရိက္ခာလိုအပ်မှု (Demand) သည်လည်း အချိုးကျမြင့်တက်လာမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ခေတ်အဆက်ဆက်ကပင် ပြည်တွင်းစားနပ်ရိက္ခာဖူလုံသည့်အပြင် ပိုလျှံသော စိုက်ပျိုးရေးနှင့်မွေးမြူရေး ထွက်ကုန်များကို အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများသို့ တင်ပို့နိုင်ခဲ့သဖြင့် ယခုအခါတွင် ကမ္ဘာ့နိုင်ငံများသို့ စားနပ်ရိက္ခာလုံခြုံမှု (Food Security) ပေးနိုင်သည့် နိုင်ငံဖြစ်လာရန် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့်အတွက် ပညာရေးမြှင့်တင်ခြင်းဖြင့် ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း (KG+9) (အခြေခံပညာအလယ်တန်းအဆင့်) ပြီးဆုံးသည်အထိ ပညာသင်ကြားနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ပြည်သူများဖြစ်သောကြောင့် လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးအတွက် လာမည့်ပညာသင်နှစ်မှစ၍ ခရိုင် ၅၀ တွင် အထက်တန်းကျောင်းတစ်ကျောင်းစီကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာ ပညာရပ်များကို တွဲဖက်သင်ကြားပေးမည်ဖြစ်သည့်အပြင် MSME စီးပွားရေးလုပ်ငန်းများအတွက် အထောက်အကူရရှိစေရန်ရည်ရွယ်ပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များသင်ကြားပေးသော ကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် မြေ၊ ရေ၊ သဘာဝသယံဇာတ ကြွယ်ဝလှသည်ဖြစ်ရာ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများကို ဒေသတစ်ခု ထုတ်ကုန်တစ်မျိုးဖြစ်အောင် အားပေးမြှင့်တင်ပြီး ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပကတင်သွင်းနေရသူ (Importer) အဖြစ်မှ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်လျက် ပြည်ပသို့ ပြန်လည်တင်ပို့နိုင်သူ (Exporter) အဖြစ်သို့ရောက်ရှိသည်အထိ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သယံဇာတများကို ထုတ်ယူသုံးစွဲပြီးပါက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း စနစ်တကျ ပြန်လည်ဆောင်ရွက်ကြရမည်ဖြစ်ကာ ထိုသို့ဆောင်ရွက်မှသာလျှင် စဉ်ဆက်မပြတ်သည့် ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးချိန်မှစ၍ ယနေ့အချိန်အထိ နိုင်ငံရေးပုံစံအမျိုးမျိုးဖြင့် ဖြတ်သန်းလာခဲ့ရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ၇၅ နှစ် ပြည့်မြောက်ပြီး စိန်ရတုလွတ်လပ်ရေးနေ့သို့ပင် တိုင်ခဲ့ပြီဖြစ်ပါသည်။ ချီးမြှင့်ထိုက်သူကို ချီးမြှင့်ခြင်း၊ ကျေးဇူးရှိသူကို ကျေးဇူးပြုခြင်းတို့သည် မင်္ဂလာတစ်ပါးဖြစ်သည့်အတွက် ကောင်းမွန်သောဆောင်ရွက်မှုများကိုဖော်ထုတ်ပြီး ချီးမြှင့်မှတ်တမ်းတင်ခြင်းကို အစဉ်အလာတစ်ခုဖြစ်သွားသည်အထိ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ၇၅ နှစ်တာကာလအတွင်း အမြင်ချင်းမတူ၊ ခံယူချက်ချင်းမတူ၊ ရပ်တည်ချက်ချင်းမတူသော်လည်း အမိမြန်မာနိုင်ငံတော်အကျိုးအတွက် နယ်ပယ်အသီးသီးမှ ကဏ္ဍအမျိုးမျိုးဖြင့် သယ်ပိုးခဲ့ကြသူများကို ပုဂ္ဂိုလ်ရေးရာခွဲခြားခြင်းမရှိဘဲ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက်လည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) သဘောတူညီချက်များအရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကိုလည်း ဖော်ဆောင်လျက်ရှိပါသည်။

ပြည်သူတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးအတွက် လွတ်လပ်၍ တရားမျှတမှုရှိသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ဖြစ်ပေါ်လာစေရေး ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်ခြင်း၊ စည်းလုံးညီညွတ်ခြင်းတို့ကိုအခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ စုပေါင်းဆောင်ရွက်ခြင်းဖြင့် တွေ့ကြုံရမည့်အခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှားပြီး နိုင်ငံတော်၏ အမျိုးသားရေးလုပ်ငန်းစဉ် (၂)ရပ်၊ နိုင်ငံရေးလုပ်ငန်းစဉ် (၂) ရပ်တို့ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ပြီး ရှေ့သို့လှမ်းချီပန်းတိုင်ဆီ (Keep Moving Forward toAchieve Our Goal) ဆိုသည့်ဆောင်ပုဒ်ကို လက်တွဲညီညီ အကောင်အထည်ဖော်သွားပါမည်။

ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅)ရပ်ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အလေးအနက်ထားခံယူလျက် ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားများ၊ ပျော်ပွဲ ရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများနှင့် ဂုဏ်ပြုမီးအလှထွန်းညှိခြင်းများပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၄**

ယနေ့သည် မြန်မာတစ်မျိုးသားလုံး ဝမ်းသာပျော်ရွှင်မဆုံးဖြစ်ရသော (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်သည်နှင့်အညီ စိန်ရတုလွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားများ၊ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံအနှံ့အပြားရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

၎င်းအပြင် တန်ခိုးကြီးဘုရားစေတီများ၊ ပန်းခြံများ၊ အများနှင့်သက်ဆိုင်သောနေရာများ၌ ဘုရားဖူးမြော်သူများနှင့် လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။





**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများနှင့် ဂုဏ်ပြုမီးအလှထွန်းညှိခြင်းများ ပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။**

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေ၊ အခြားမြို့ကြီးများ၌ စိန်ရတုလွတ်လပ်ရေး ထွန်းညှိခြင်းများ ဆောင်ရွက်ကြရာ စည်ကားများပြားလျက်ရှိကြောင်း သတင်း ရန်ကုန်၊ မန္တလေးမြို့ကြီးတို့အပါအဝင် နေ့အထိမ်းအမှတ် ဂုဏ်ပြုမီးအလှများ လာရောက်ကြည့်ရှုသူ မိဘပြည်သူများဖြင့် ရရှိသည်။

# ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း



**ချစ်ခင်လေးစားအပ်ပါသော ညီ့သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများ ခင်ဗျား –**

ဒီကနေ့ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ မင်္ဂလာအခါသမယဖြစ်ပါတယ်။ ဒီနေ့ထူး နေ့မြတ်အခါသမယမှာ နိုင်ငံတော်အတွင်းချစ်ကြည်ရင်းနှီးစွာ အတူ တကွနေထိုင်ကြတဲ့ ပြည်ထောင်စုဖွားတိုင်းရင်းသား သွေးချင်းညီအစ်ကို မောင်နှမများအားလုံး ကျန်းမာချမ်းသာပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာ နှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။

တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများ သွေးစည်း ချစ်ကြည်စွာ စုပေါင်းနေထိုင်ကြတဲ့ အမိမြန်မာနိုင်ငံဟာ အနော်ရထာ မင်းတရားကြီးလက်ထက်၊ ဘုရင့်နောင်မင်းတရားကြီးလက်ထက်၊ အလောင်းမင်းတရားကြီးလက်ထက်တို့မှာ ဘုရင့်နိုင်ငံတော်အဖြစ် စည်းလုံးညီညွတ်မှုရှိခဲ့ကြတဲ့အတွက် နိုင်ငံတော်ရဲ့ဂုဏ်ရှိန်ရောင်ဝါ ထွန်းပြောင်ခဲ့ပါတယ်။ နိုင်ငံရဲ့ စည်းလုံးညီညွတ်မှုအားနည်းနေချိန်မှာ ကိုလိုနီနယ်ချဲ့တို့က ကျူးကျော်စစ်သုံးကြိမ် ဆင်နွှဲခဲ့ပြီးနောက် ထီးကျိုးစည်ပေါက် ထီးနန်းပျောက်ပြီး တစ်နိုင်ငံလုံး သူ့ကျွန်ဘဝ ရောက်ခဲ့ရပါတယ်။ နယ်ချဲ့တွေဟာ မြန်မာနိုင်ငံကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ကဏ္ဍအသီးသီးမှာ နည်းအမျိုးမျိုးဖြင့် ဖိနှိပ်သွေးစုပ် အမြတ်ထုတ်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံကို ကိုလိုနီသက်ဆိုးရှည်စေဖို့ နယ်ချဲ့များက တောင်ပေါ်မြေပြန့် သွေးခွဲအုပ်ချုပ်ခဲ့ပြီး တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း သွေးကွဲအောင် စနစ်တကျသွေးခွဲသပ်လျှိုမှုများကို ပြုလုပ်ခဲ့ကြပါတယ်။

တိုင်းရင်းသားခေါင်းဆောင်ကြီးများရဲ့ဦးဆောင်မှုနဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့အတွက် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်မှာ မြန်မာနိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ပါတယ်။ တိုင်းရင်းသား ပြည်သူများရဲ့ အသက်၊ သွေး၊ ချွေးများကို စတေးပြီး ရယူခဲ့ရတဲ့ လွတ်လပ်ရေးဟာ အလွန်အရင်းအနှီးကြီးမားလှပါတယ်။ လွတ်လပ်ရေး ရခဲ့ပြီးနောက်ပိုင်းမှာလည်း နယ်ချဲ့တို့ရဲ့ သွေးခွဲအုပ်ချုပ်မှုအကျိုးဆက်က ယနေ့ထက်တိုင် ထင်ကျန်နေဆဲဖြစ်ပြီး နိုင်ငံတော်မှာ ပြည်တွင်း နည်းမျိုးစုံနဲ့ကြိုးပမ်းခဲ့ရာမှာ အသက်၊ ခန္ဓာစွန့်လွှတ်ရသူတွေ၊ ဘဝနဲ့ ချီပြီး ရင်းနှီးပေးဆပ်ခဲ့ရသူတွေ များစွာရှိခဲ့ပါတယ်။ သူတို့အားလုံးဟာ ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးကို တည်ဆောက်ခဲ့ကြသူများပဲ ဖြစ်ပါတယ်။ ဒ့ါပြင် လွတ်လပ်ရေးကိုတည်တံ့ခိုင်မြဲအောင် ဆောင်ရွက် ခဲ့သူတွေလည်းဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်အားလုံးကို **ဒီနေ့၊ ဒီနေရာကနေ ကျွန်တော်အပါအဝင် မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားအားလုံးက ဒီအခမ်းအနားမှာ နှစ်မိနှစ်ခြိုက်သက် ဂုဏ်ပြုခဲ့ပါတယ်။**

လွတ်လပ်ရေးဆိုတာ ဖျတ်ခနဲဆုံးရှုံးသွားတတ်တဲ့သဘောရှိပြီး ဆုံးရှုံးသွားပြီးမှ ပြန်လည်ရယူဖို့ကြိုးစားတာဟာ နှစ်နဲ့ချီပြီးကြာရှည် တတ်တဲ့သဘောရှိပါတယ်။ ဒါကြောင့်မို့လို့ လွတ်လပ်ရေးနဲ့အချုပ်အခြာ အာဏာ ကမ္ဘာတည်သရွေ့ အမွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်စွာ အတူလက်တွဲပြီး ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြဖို့ အလေးအနက် ထား တိုက်တွန်းပြောကြားအပ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ညီ့သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများ ခင်ဗျား –**

ကျွန်တော်တို့နိုင်ငံဟာ ရှေးယခင်ဘုရင်များလက်ထက်ကတည်းက ပြည်ထောင်စုနိုင်ငံအသွင်နဲ့ ရပ်တည်ခဲ့တဲ့နိုင်ငံဖြစ်ပါတယ်။ လွတ်လပ်ရေးရရှိပြီးနောက်မှာလည်း ပါလီမန်ဒီမိုကရေစီစနစ်၊ နိုင်ငံတော်တာဝန်ကို ခေတ္တတာဝန်ယူခဲ့ရတဲ့ တပ်မတော်ဦးဆောင်မှုစနစ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကဦးဆောင်တဲ့ တစ်ပါတီစနစ်၊ တပ်မတော် အစိုးရစနစ်နဲ့ ပါတီစုံဒီမိုကရေစီစနစ် စတဲ့စနစ်မျိုးစုံကို

> **ကျွန်တော်တို့အစိုးရအနေနဲ့ မြန်မာနိုင်ငံရဲ့အကျိုးကိုလိုလားတဲ့ မည်သည့်နိုင်ငံ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနဲ့မဆို ပူးပေါင်းဆောင်ရွက်ဖို့ အသင့်ရှိပါတယ်. . .**

လက်နက်ကိုင်အဖွဲ့အစည်းများစွာ ပေါ်ပေါက်လာခဲ့ပါတယ်။ ဒါပေမဲ့ လွတ်လပ်ရေးကပေးလိုက်တဲ့ ကြီးမြတ်တဲ့လက်ဆောင်ကတော့ မြန်မာ နိုင်ငံသားအားလုံးရဲ့ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်နဲ့ စည်းလုံးညီညွတ်မှုတို့ပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမတွေအားလုံး အတူတကွစည်းလုံးညီညွတ်ကြတဲ့အခါ အောင်မြင်မှုကို မလွဲမသွေရရှိ နိုင်တယ်ဆိုတာ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ ထင်ရှားတဲ့သာဓကပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ကိုလိုနီလက်အောက်ကို နှစ်ပေါင်း ၁၀၀ နီးပါး ကာလကြာရှည်စွာကျရောက်ခဲ့ရသလို ကျွန်တော်တို့ရဲ့ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းဟာလည်း ခက်ခဲရှည်ကြာခဲ့ပါတယ်။ လွတ်လပ်ရေးကို ကျင့်သုံးခဲ့ဖူးတဲ့နိုင်ငံဖြစ်ပါတယ်။ ဘုရင်ခေတ်ကနေ ယနေ့ထိ ဖြတ်သန်း လာရတဲ့ အတွေ့အကြုံတွေအရ ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူလူထုအတွက် အသင့်လျော်ဆုံး နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်ကို ချမှတ်ခဲ့ပါတယ်။

ဒီနိုင်ငံရေးရည်မှန်းချက် နှစ်ရပ်က **"စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး" နဲ့ "ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး" တို့ဖြစ်ပြီး ကျွန်တော်တို့ အနေနဲ့ ခိုင်မာစွာ အာမခံအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။**
ဒီနိုင်ငံရေးရည်မှန်းချက် နှစ်ရပ်ကို အောင်မြင်စွာအကောင်အထည်ဖော် နိုင်ဖို့ နိုင်ငံသားတိုင်းရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုက အဓိကကျပါတယ်။

ဒီမိုကရေစီလမ်းကြောင်းက သွေဖယ်သွားနိုင်တဲ့ လုပ်ဆောင်ချက်တွေကို ရှောင်ရှားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တည်ဆဲဥပဒေတွေကို လေးစားလိုက်နာကြရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ် တည်မြဲခိုင်မာ စေဖို့လိုအပ်တဲ့ တရားဥပဒေစိုးမိုးရေးအတွက် **"ဥပဒေရဲ့အထက်မှာ မည်သူမျှမရှိစေရ (No One is above the Law)"** ဆိုတဲ့အတိုင်း တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

တိုင်းရင်းသားပြည်သူအားလုံးဆန္ဒဖြစ်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်တို့ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရာမှာ ဒီမိုကရေစီနဲ့ ပတ်သက်ပြီးလည်းကောင်း၊ ဖက်ဒရယ်စနစ်နဲ့ပတ်သက်ပြီးလည်းကောင်း ဘယ်လိုပင်အယူအဆကွဲပြားနေကြသော်လည်း မိမိတို့နိုင်ငံနဲ့ သဟဇာတ ဖြစ်တဲ့စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဒီမိုကရေစီနဲ့ ပတ်သက်ပြီး အများဆန္ဒအတိုင်းဆောင်ရွက်ရသကဲ့သို့ လူနည်းစုဆန္ဒကို လည်း အလေးထားရန်လိုအပ်ပါတယ်။ မိမိနဲ့ အယူအဆ၊ ဆန္ဒမကိုက်ညီသူ ကို ရန်သူကဲ့သို့သဘောထားပြီး ခွဲခြားဆက်ဆံခြင်းများ၊ ဖယ်ကြဉ်ထားခြင်း များဟာ ဒီမိုကရေစီစနစ်နဲ့ လုံးဝကိုက်ညီမှုမရှိပါဘူး။ ပုဂ္ဂိုလ်ရေးအရ လွန်ကဲစွာယုံကြည်ကိုးကွယ်ခြင်းဟာလည်း လူ့အဖွဲ့အစည်းအတွင်း ကွဲပြားမှုများကိုဖြစ်ပေါ်စေနိုင်ပြီးတော့ အမျိုးသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေနိုင်တဲ့အတွက် ဒီမိုကရေစီစနစ်နဲ့ ဆန့်ကျင်ဘက်ဖြစ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။

ဖက်ဒရယ်စနစ်နဲ့ပတ်သက်လို့ အဓိပ္ပာယ်အမျိုးမျိုး၊ စံနှုန်းအမျိုးမျိုး ဖွင့်ဆိုပြီးပြောနေကြသော်လည်း အနှစ်သာရအနေနဲ့ ပေါင်းစည်းခြင်းနှင့် သဟဇာတဖြစ်မှုပဲဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကျွန်တော်တို့ သတိပြုရမှာက မြန်မာနိုင်ငံရဲ့ တိုင်းဒေသကြီး၊ ပြည်နယ်များမှာ တိုင်းရင်းသားလူမျိုးတစ်မျိုးတည်းသာနေထိုင်တဲ့ တိုင်းဒေသကြီး၊ ပြည်နယ် ဆိုပြီးလုံးဝမရှိပါဘူး။ လူမျိုးပေါင်းစုံ ပျံ့နှံ့နေထိုင်ကြပါတယ်။ သူ့ကျွန်ဘဝဆိုတဲ့မုန်တိုင်းကို တိုင်းရင်းသားပြည်သူအားလုံးရဲ့ အတူ တကွပေါင်းစည်း နေထိုင်ကြတဲ့ညီညွတ်မှုဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ခဲ့မှု ကြောင့် လွတ်လပ်ရေးဆိုတဲ့ပန်းတိုင်ဆီကို အောင်မြင်စွာ အရောက် လှမ်းနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုစည်းလုံးညီညွတ်တဲ့အစဉ်အလာကောင်း ကို ဆက်လက်ထိန်းသိမ်းပြီး **တစ်ဦးနဲ့တစ်ဦး စိတ်ရှည်သည်းခံမှု၊ နားလည်စွင့်လွှတ်မှု၊ ညီရင်းအစ်ကို မောင်ရင်းနှမစိတ်ဓာတ်တို့ဖြင့် စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးတည်ဆောက်ကြဖို့ အလေးအနက်ထားတိုက်တွန်းလိုပါတယ်။**

> **လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုတာ လူတိုင်း၊ နိုင်ငံတိုင်းရဲ့လိုလားချက်၊ မျှော်လင့်ချက် ဖြစ်ပါတယ်။ ဒီလိုလားချက်၊ မျှော်လင့်ချက်ကို ကျွန်တော်တို့ အရှိန်အဟုန်မြှင့်တင် ဖြည့်ဆည်းကြပါမယ်။ ကျွန်တော်တို့တစ်တွေ လုံ့လဝီရိယခွန်အား စိုက်ထုတ်ဆောင်ရွက်ဖို့ သာလိုပါတယ်။ "ဆန္ဒကြီးခြင်းဖြင့်၊ ကျွန်တော်တို့ ကြံသမျှပြီးရပါမယ်" . . .**

**ချစ်ခင်လေးစားအပ်ပါသော ညီ့သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများ ခင်ဗျား –**

နိုင်ငံတော်အနေနဲ့ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်လို့ ခံယူပြီး အမျိုးသားရေးမူဝါဒ နှစ်ရပ်ဖြစ်တဲ့ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေးကို ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ဦးတည်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံ့လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်ဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ အသက်မွေးဝမ်းကျောင်းပြုတဲ့ ကျေးလက်နေ ပြည်သူတွေဖြစ်ကြပါတယ်။ နိုင်ငံသားများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ အခြားကဏ္ဍတွေမှာ နည်းပညာအသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲ ထုတ်လုပ်ရောင်းချခြင်းဖြင့် ပြည်တွင်းစားသုံးမှုဖူလုံစေရုံသာမက ပြည်ပပို့ကုန်များ ပိုမိုတိုးမြှင့်လာပြီး နိုင်ငံသားများရဲ့ တစ်ဦးချင်းဝင်ငွေ တိုးတက်လာစေမှာဖြစ်ပါတယ်။ ပြည်တွင်းလိုအပ်ချက်ဖြစ်တဲ့ အခြေခံ လူသုံးကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းနေရသူ(Importer) အဖြစ်မှ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင်ထုတ်လုပ်ပြီး ပြည်ပသို့ ပြန်လည်တင်ပို့နိုင်သူ(Exporter)အဖြစ်သို့ ရောက်ရှိတဲ့ထိ ဆောင်ရွက် သွားဖို့ ရည်မှန်းချက်ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြရပါမယ်။

ဒီလိုကြိုးပမ်းဆောင်ရွက်ရာမှာ ကျွန်တော်တို့ဟာ **"ကမ္ဘာ့ကြည့် ကြည့်မြင်"** ဆောင်ရွက်ကြရပါမယ်။ ကမ္ဘာမှာလူသားတွေအတွက် အဓိကအခြေခံအကျဆုံးလိုအပ်ချက်ကတော့ **စာမျက်နှာ ၂၄ သို့**

**စာမျက်နှာ ၂၃ မှအဆက်**

စားဝတ်နေရေးပါပဲ။ ကမ္ဘာ့လူဦးရေဟာ ၂၀၀၀ ပြည့်နှစ်မှာ ၆ ဒသမ ၁ ဘီလီယံခန့်၊ ၂၀၂၀ ပြည့်နှစ်မှာ ၇ ဒသမ ၈ ဘီလီယံခန့်၊ ၂၀၂၂ ခုနှစ်မှာ ၈ ဘီလီယံထိ ဖြစ်လာပြီး နှစ်စဉ်လည်း တိုးတက်လျက်ရှိပါတယ်။ ဒီလိုတိုးတက်လာတဲ့ လူဦးရေနဲ့အညီ စားဝတ်နေရေးလိုအပ်ချက်ဟာလည်း အချိုးကျမြင့်တက်လာမှာလည်းဖြစ်ပါတယ်။ အထူးသဖြင့် စားသောက်ကုန်လိုအပ်ချက်တွေဟာလည်း သိသာစွာမြင့်တက်လာမှာဖြစ်ပါတယ်။ လူသားတို့ရဲ့ စားရေးနဲ့ ဝတ်ရေးကို စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍကပဲ အများဆုံးထောက်ပံ့ပေးနေရတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာ့လူဦးရေအများပြားဆုံး နိုင်ငံများအကြားမှာ ရှိနေပါတယ်။ **မြန်မာနိုင်ငံရဲ့ ရာသီဥတုနဲ့ ပထဝီအနေအထားဟာ ကောက်ပဲသီးနှံမျိုးစုံ၊ သစ်သီးဝလံမျိုးစုံနဲ့ မွေးမြူရေးလုပ်ငန်းများ ကောင်းစွာဖြစ်ထွန်းတဲ့ နိုင်ငံဖြစ်**ပါတယ်။ **ဒီလိုတည်ရှိပြီး အခြေခံအချက်တွေကို ကျွန်တော်တို့ ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ဖို့လိုပါတယ်။** လူသားတို့အတွက် အခြေခံလိုအပ်ချက်တွေ ဆက်လက်မြင့်တက်လာအုံးမယ့် ကမ္ဘာမှာ စားနပ်ရိက္ခာလုံခြုံရေး(Food Security)ဟာလည်း အရေးကြီးလာပါတယ်။

ကျွန်တော်တို့နိုင်ငံအနေနဲ့ ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံရေးနဲ့ ဖူလုံရေးအတွက် အထောက်အကူပြုပေးနိုင်တဲ့ အလားအလာကောင်းများစွာ ပိုင်ဆိုင်နေတဲ့နိုင်ငံဖြစ်ပါတယ်။ တစ်ချိန်က အလေးထားပြောကြားခဲ့ကြတဲ့ လယ်ယာစိုက်ပျိုးရေးစွမ်းအားရှိတဲ့ (Agricultural Power Country) နိုင်ငံဖြစ်လာနိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။

အဓိကစိုက်ပျိုးသီးနှံများကို စိုက်ကေတိုးချဲ့ခြင်းထက် သီးထပ်သီးညှပ် စိုက်ပျိုးမှုတိုးတက်စေအောင် ဆောင်ရွက်ခြင်းနဲ့ အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ပေးနိုင်ရင် ယခုအခြေအနေထက် များစွာ ဖွံ့ဖြိုးတိုးတက်လာနိုင်မှာဖြစ်ပါတယ်။ အလားတူပဲ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျမွေးမြူပြီး မွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရင် ပြည်တွင်းသားငါးဖူလုံမှုသာမက ပြည်ပသွင်းကုန် အစားထိုးနိုင်ခြင်း၊ အဓိကပို့ကုန်ကဏ္ဍအဖြစ် ပါဝင်လာနိုင်စေတဲ့ထိ အကျိုးရှိစေနိုင်ပါတယ်။ ဒီလိုအခွင့်အလမ်းကောင်းများစွာရှိနေတဲ့အတွက် ပြည်တွင်းစီးပွားရေးမြှင့်တင်မှု၊ ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် အားပေးဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ **လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုတာ လူတိုင်း၊ နိုင်ငံတိုင်းရဲ့ လိုလားချက်၊ မျှော်လင့်ချက်ဖြစ်ပါတယ်။ ဒီလိုလားချက်၊ မျှော်လင့်ချက်ကို ကျွန်တော်တို့ အရှိန်အဟုန်မြှင့်တင် ဖြည့်ဆည်းကြပါမယ်။ ကျွန်တော်တို့တစ်တွေ လုံ့လဝီရိယစွန့်အား ခိုက်ထုတ်ဆောင်ရွက်ဖို့သာလိုပါတယ်။ "ဆန္ဒကြီးခြင်းဖြင့်၊ ကျွန်တော်တို့ကြိုးသမျှ ပြီးရပါမယ်"။**

ကျွန်တော်တို့အစိုးရအနေနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတည်ဆောက်ရာမှာ ဖြစ်နိုင်တာတွေကို ပြည်သူလူထု တစ်ရပ်လုံး အကျိုးကိုရှေးရှုပြီး လက်တွေ့ကျကျဆောင်ရွက်သွားပါမယ်။ ပြည်သူလူထုတစ်ရပ်လုံးကလည်း တိုင်းပြည်သာယာဝပြောရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍကနေ နိုင်ငံတော်အကျိုးကို ရှေးရှုပြီး တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ညီသည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများ ခင်ဗျား–**

နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူလူထု အကျိုးကိုရှေးရှုပြီး **"ရှေ့သို့ ချီမည် ပန်းတိုင်ဆီ"** **(Keep Moving Forward to Achieve Our Goal)**ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်တဲ့ နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝကို တည်ဆောက်လျက်ရှိပါတယ်။

**ဒီမိုကရေစီနေ့စဉ်ကျင့်သုံးတဲ့ နိုင်ငံကိုတည်ဆောက်ရာမှာ နိုင်ငံသူ၊ နိုင်ငံသားအားလုံးဟာ သိသင့်သိထိုက်၊ ရှိသင့်ရှိထိုက်တဲ့ တွေးခေါ်မြော်မြင်မှုတွေ၊ အသိပညာဗဟုသုတတွေ ရှိနေဖို့လိုပါတယ်။** ဒီကိစ္စကို နေ့ချင်းညချင်း တည်ဆောက်လို့မရပါဘူး။ မျိုးဆက်(Generation)နဲ့ ချီပြီး မျိုးဆက်အလိုက် ဆင့်ကဲတည်ဆောက်သွားရတာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်နိုင်ဖို့ လူသားအရင်းအမြစ်ဟာအဓိကဖြစ်ပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကို အဓိကတည်ဆောက်ကြရပါမယ်။ ကျောင်းနေအရွယ်ကလေးအားလုံး၊ ပညာသင်ယူရမယ့်အရွယ်အားလုံး ပညာသင်ယူခွင့်ရရှိစေရန်နဲ့ အခြေခံပညာအလယ်တန်းအဆင့် KG+9 ပြီးဆုံးသည်ထိ ပညာသင်ယူနိုင်ရေးဟာ နိုင်ငံတော်အစိုးရရဲ့ ပညာရေးရည်မှန်းချက်ဖြစ်ပါတယ်။ အနည်းဆုံး KG+9 အဆင့် ပြီးမြောက်မှသာ သက်မွေးပညာသင်ကြားရန်အတွက် အခြေခံရသွားမှာဖြစ်ပြီး အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများသို့ ဆက်လက်တက်ရောက်နိုင်မှာဖြစ်ပါတယ်။

စာသင်ကျောင်းပညာရေးကိုအားပေးသလို ကျောင်းပြင်ပပညာရေးကိုလည်း ကျယ်ကျယ်ပြန့်ပြန့်တည်ဆောက်သွားရပါမယ်။ နိုင်ငံသူ၊ နိုင်ငံသားတိုင်း မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက်၊ အသက်မွေးဝမ်းကျောင်းအလိုက် အသိပညာ၊ အတတ်ပညာများရှာမှီးနိုင်အောင် ဖန်တီးပေးရပါမယ်။ ပညာရှာမှီးရာမှာ အလွယ်ကူဆုံး၊ အသက်သာဆုံးနဲ့ လူအများနဲ့ရင်းနှီးပြီးဖြစ်တဲ့ စာပေဖတ်ရှုခြင်းကတစ်ဆင့်ရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ **"စာမတတ်သူပပျောက်ရေးမှသည် စာမဖတ်သူပပျောက်ရေး"** ကို ဆောင်ရွက်လျက်ရှိပါတယ်။ **ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းဟာ အနာဂတ်နိုင်ငံတော်၊ ဒီမိုကရေစီနေ့စဉ်အတွက် များစွာအရိုင်အမာဖြစ်စေပါလိမ့်မယ်။**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားလှုပ်ရှားမှုများကို အမျိုးသားရေးအသွင်ဖြင့် တစ်မျိုးသားလုံး စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေဖို့ လိုအပ်ပါတယ်။ မျိုးဆက်သစ်လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးပြီး အားကစားမှာ ထူးချွန်တဲ့ သက်ဆိုင်ရာဒေသကိုယ်စားပြု၊ နိုင်ငံကိုယ်စားပြုသူများ အဆင့်မှ ကမ္ဘာ့အဆင့်ထိ ထိုးဖောက်ပြီး အားကစားဖြင့် နိုင်ငံနှင့်လူမျိုးရဲ့ဂုဏ်ကို မြှင့်တင်နိုင်ရေးအတွက် မျိုးဆက်သစ်များ မွေးထုတ်ရေးကိုလည်း ရည်မှန်းချက်ထားဆောင်ရွက်သွားကြရပါမယ်။ ကျန်းမာရေးကဏ္ဍမှာ လူတိုင်းလက်လှမ်းမီတဲ့ သာတူညီမျှ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ရရှိသည်ထိ ရည်မှန်းချက်ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းနဲ့ ပြည်သူများရဲ့ မျှော်မှန်းသက်တမ်း ယခုထက်ပိုမိုမြင့်မားလာစေရေး ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိတဲ့အတွက် ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုနှုန်းတွေကို ခုချိန်မှာဆိုရင် လျှော့ချထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။

တိုင်းပြည်စီးပွားရေးနဲ့ ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးမြှင့်လာဖို့ အသေးစား၊ အငယ်စားနဲ့ အလတ်စားကုန်ထုတ်လုပ်မှု (MSME) လုပ်ငန်းများ အောင်မြင်အောင် အားပေးဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံ့စီးပွားရေးဟာ အခြေခံကျကျ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို ပြည်တွင်းအဓိကကုန်ထုတ်လုပ်မှုများဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနဲ့ သဘာဝသယံဇာတများမှထွက်ရှိတဲ့ ကုန်ကြမ်းများကိုအခြေခံတဲ့ ကုန်ချောထုတ်လုပ်မှုလုပ်ငန်းများလည်း တိုးမြှင့်လာမှာဖြစ်ပါတယ်။

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရာမှာ သဘာဝသယံဇာတတွေကို ထုတ်ယူသုံးစွဲသင့်တာမှန်ပေမယ့်လည်း စည်းစနစ်တကျ ထုတ်ယူသုံးစွဲဖို့လိုပါတယ်။ တိုင်းပြည်နဲ့ နောင်မျိုးဆက်များရဲ့အနာဂတ်ကို ထည့်သွင်းတွက်ချက်ဆောင်ရွက်ရပါမယ်။ ယခင်ကရရှိခဲ့တဲ့ ထိခိုက်မှုများအတွက်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရပါမယ်။ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် သယံဇာတများကို ထုတ်ယူအသုံးပြုရာမှာ ကုန်ကြမ်းအဖြစ်ရောင်းချခြင်းထက် ကုန်ချောအဖြစ်တိုးတက်ထုတ်လုပ်ဆောင်ရွက်ခြင်းဟာ ဝင်ငွေပိုမိုရရှိခြင်း၊ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း တိုးတက်ဖန်တီးပေးနိုင်ခြင်းနဲ့ ပြည်တွင်း၌ နည်းပညာနှင့်လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေခြင်း စတဲ့အကျိုးကျေးဇူးတွေ ရရှိမှာဖြစ်ပါတယ်။

ဒါ့ပြင် အိမ်သုံးနဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းသုံးအတွက် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာထုတ်လုပ်နိုင်ဖို့နဲ့ လုံလောက်စွာရရှိဖို့အတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်လျက်ရှိပါတယ်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်တဲ့ ရေအားနဲ့ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများဆောင်ရွက်နိုင်ခဲ့ပြီး အလားအလာရှိတဲ့ လေအားလျှပ်စစ်၊ ရေအားလျှပ်စစ်စီမံကိန်းတွေအပါအဝင် အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုပြီး လျှပ်စစ်ကဏ္ဍအပါအဝင် အခြားအကျိုးပြုကဏ္ဍများမှာ အသုံးပြုနိုင်ရေးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်နေသလို ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေး၊ ယဉ်ကျေးမှုနဲ့ လူမှုရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအတွက် လူမှုရေးဦးတည်ချက်တစ်ခုဖြစ်တဲ့ **"တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု ဓရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး"** ဆိုတဲ့ ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြန်မာ့ရိုးရာယဉ်ကျေးမှုတွေကို ပြန်လည်ဖော်ထုတ်ပေးဖို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နိုင်ငံတော်အဆင့် ခမ်းခမ်းနားနား စည်ကားသိုက်မြိုက်အောင်မြင်စွာ ပြန်လည်ကျင်းပပေးနိုင်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ပန်းတိုင်ဆီသို့ ဆက်လက်ချီတက်သွားပါမယ်။ တိုင်းရင်းသားပြည်သူအားလုံးကလည်း ကျရာအခန်းကဏ္ဍကနေ အတူပူးပေါင်းချီတက်ကြပါစို့လို့ တိုက်တွန်းပြောကြားလိုပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ညီသည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများ ခင်ဗျား–**

ကျွန်တော်တို့နိုင်ငံရဲ့သမိုင်းကြောင်းနဲ့ ပထဝီနိုင်ငံရေးအခြေအနေများအရ **ကျွန်တော်တို့ဟာ လွတ်လပ်ရေးရပြီးစ ကာလကတည်းက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ချက်ကို နိုင်ငံခြားရေးမူဝါဒရဲ့ အခြေခံအုတ်မြစ်အဖြစ် အစဉ်တစိုက်အသုံးပြုလာခဲ့ပါတယ်။** ယနေ့ခေတ်ကာလမှာလည်း ကျွန်တော်တို့အနေနဲ့ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိပါတယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုပါတယ်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းလျက်ရှိပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နဲ့အညီ နိုင်ငံတော်ရဲ့လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂ၊ အာဆီယံ၊ ဘင်းမ်စတက်စတဲ့ ဒေသတွင်း၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ အခြားကမ္ဘာ့နိုင်ငံတွေနဲ့လည်း နိုင်ငံတကာဥပဒေများ၊ ပဋိညာဉ်များ၊ သဘောတူညီချက်များနဲ့အညီ ဆက်သွယ်ဆက်ဆံဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လိုတဲ့ အချို့အဖွဲ့အစည်းများ၊ နိုင်ငံများရဲ့ စွက်ဖက်မှု၊ နှောင့်ယှက်လုပ်ဆောင်မှုတွေရှိခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်ခုအဖြစ် ခိုင်မာစွာရပ်တည်ပြီး ပြဋ္ဌာန်းထားတဲ့ နိုင်ငံခြားရေးမူဝါဒအတိုင်း ရပ်တည်သွားပါမယ်။ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ၊ နိုင်ငံတော်လုံခြုံရေးနဲ့ အမျိုးသားအကျိုးစီးပွားအပေါ် ရပ်တည်သွားပါမယ်။

နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတကာဆက်ဆံရေးနဲ့ နိုင်ငံတကာရေးရာတွေမှာ နိုင်ငံအားလုံးတန်းတူရည်တူရှိမှုနဲ့ မိတ်ဝတ်မပျက် မိတ်ဆွေအဖြစ် ဆက်ဆံရေးတို့ကို အလေးအနက်ထားဆောင်ရွက်လျက်ရှိပါတယ်။ အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ လာအိုနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နဲ့ အထူးသဖြင့် နီးကပ်စွာဆက်သွယ်ဆက်ဆံ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလေးထားပူးပေါင်းဆောင်ရွက်သွားပါမယ်။ **ကျွန်တော်တို့အစိုးရအနေနဲ့ "ကျွန်တော်တို့ နိုင်ငံနယ်မြေကိုအသုံးပြုပြီး အိမ်နီးချင်းမိတ်ဆွေနိုင်ငံတွေအပေါ် ဆန့်ကျင်မယ့် မည်သည့်အဖွဲ့အစည်းကိုမှ လက်ခံသွားမည်မဟုတ်" ဆိုတဲ့ အိမ်နီးချင်းနိုင်ငံများ၏ တည်ငြိမ်အေးချမ်းမှု၊ အတူဖွံ့ဖြိုးတိုးတက်မှုတို့ကို အလေးထားတဲ့မူဝါဒကို လက်တွေ့ကျင့်သုံးလျက်ရှိပါတယ်။** အလားတူ ကမ္ဘာ့အင်အားကြီးနိုင်ငံများနဲ့လည်း နီးစပ်စွာ ဆက်သွယ်ဆက်ဆံဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့အစိုးရသက်တမ်းကာလတစ်လျှောက်မှာ အမျိုးမျိုးသော ဖိအားတွေ၊ ဝေဖန်မှုတွေ၊ တွန်းထိုးတိုက်ခိုက်မှုတွေကြားထဲက မြန်မာနိုင်ငံရဲ့ ပကတိဖြစ်စဉ်မှန်အပေါ် သဘောပေါက်သိရှိပြီး ပူးပေါင်းဆောင်ရွက်၊ ဝိုင်းဝန်းအကြံပေးခဲ့ကြတဲ့ အချို့သောနိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများ၊ နိုင်ငံများနဲ့ လူပုဂ္ဂိုလ်များကို ကျေးဇူးတင်ရှိပါကြောင်း

**စာမျက်နှာ ၂၅ သို့**

လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနဲ့ ကြုံတွေ့ခဲ့ရတဲ့ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူတွေရဲ့အကျိုးကို ရှေးရှုငဲ့ကွက်ပြီး သက်ဆိုင်သူအားလုံးက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကစပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နောင်မျိုးဆက်သစ်များကို ငြိမ်းချမ်းရေးအမွေပေးခဲ့ကြပါစို့ . . .

**စာမျက်နှာ ၂၄ မှအဆက်**

ဒီနေရာကနေပြောကြားလိုပါတယ်။ ပြည်သူ လူထုရဲ့စစ်မှန်တဲ့ဆန္ဒဖြစ်ပြီး ကျွန်တော်တို့အစိုးရက ဖော်ဆောင်နေတဲ့ **“စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်”** ခိုင်မာစေရေးမှာ တတ်နိုင်တဲ့ဘက်က ဆက်လက်ဝိုင်းဝန်းပေးကြဖို့လည်း ပြောကြားလိုပါတယ်။ တစ်ဆက်တည်းမှာပဲ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ လွတ်လပ်ရေးရပြီး ကာလတွေမှာ ပြာပုံဘဝဖြစ်ခဲ့တဲ့ ကျွန်တော်တို့နိုင်ငံကို ယခုအခြေအနေထိ ရောက်ရှိစေရေးအတွက် ဘဏ္ဍာရေး၊ နည်းပညာ၊ အခွင့်အလမ်းစသည်ဖြင့် ဘက်ပေါင်းစုံကထောက်ပံ့ကူညီပေးခဲ့တဲ့ နိုင်ငံများ၊ အဖွဲ့အစည်းများ အားလုံးကိုလည်း ကျေးဇူးတင်ပါကြောင်း ပြောလိုပါတယ်။ **ကျွန်တော်တို့အစိုးရအနေနဲ့ မြန်မာနိုင်ငံရဲ့အကျိုးကိုလိုလားတဲ့ မည်သည့် နိုင်ငံ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနဲ့မဆို ပူးပေါင်းဆောင်ရွက်ဖို့ အသင့်ရှိပါတယ်။**

## သူတို့ဟာ ကျွန်တော်တို့ရဲ့ရင်ထဲမှာ အမြဲတည်ရှိနေမှာ ဖြစ်ပါတယ်...

**ချစ်ခင်လေးစားအပ်ပါသော ညီသည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများ ခင်ဗျား–**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နဲ့အညီသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်တာကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်တွင် စောင့်ထိန်း၍ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်ရဲ့ပကတိလိုအပ်ချက်ဖြစ်တဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရေး ကျွန်တော်တို့အစိုးရရဲ့ ရှေ့လုပ်ငန်းစဉ် (၅)ရပ်မှာ **“တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်”** လို့ ထည့်သွင်းခဲ့ပြီး စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားရှိထားတာနဲ့အညီ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေကို ကျွန်တော်ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံဆွေးနွေးနိုင်ဖို့ ကမ်းလှမ်းခဲ့ပြီး ဆွေးနွေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်ရာမှာ ရပ်တည်သွားမယ့်အချက်နှစ်ချက်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပေါ်မှာအခြေခံပြီး ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါတယ်။ ဒီဆွေးနွေးပွဲတွေကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ တက်ရောက်ဆွေးနွေးခဲ့ပြီး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် လျှောက်လှမ်းမယ်ဆိုတဲ့ သဘောထားအမြင်များရှိတာကို တွေ့ရှိရပါတယ်။

တပ်မတော်အနေနဲ့ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲမှုကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်ကနေ ၂၀၂၂ ခုနှစ်အကုန်ထိ လေးနှစ်တာ ဆောင်ရွက်ပေးခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို NCA လမ်းကြောင်းပေါ် လျှောက်လှမ်းကြဖို့၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိဖို့ ဆောင်ရွက်ခဲ့ပါတယ်။ တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာရေးလမ်းကြောင်းပေါ်မှာ အမြဲရပ်တည်ခဲ့ပါတယ်။ အခုလဲ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်ကစပြီး ဒီဇင်ဘာ ၃၁ ရက်ထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို သက်တမ်းတိုးမြှင့်ပေးထားပါတယ်။ **လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနဲ့ ကြုံတွေ့ခဲ့ရတဲ့ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူတွေရဲ့အကျိုးကို ရှေးရှုငဲ့ကွက်ပြီး သက်ဆိုင်သူအားလုံးက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကစပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နောင်မျိုးဆက်သစ်များကို ငြိမ်းချမ်းရေးအမွေပေးခဲ့ကြပါစို့**လို့ တိုက်တွန်းပြောကြားလိုပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ညီသည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများ ခင်ဗျား–**

စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးအတွက် လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲတွေဟာ အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်နေပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနဲ့ပတ်သက်ပြီး ရှေ့လုပ်ငန်းစဉ် (၅)ရပ်ရဲ့ နောက်ဆုံးအချက်မှာ **“အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်တွေနဲ့အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နဲ့အညီ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပပြီး အနိုင်ရတဲ့ပါတီကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်ကိုလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမယ်”** လို့ ဖော်ပြထားတဲ့အတိုင်း ဆောင်ရွက်လျက်ရှိနေပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ အခြေခံအချက်အလက်များပြည့်စုံမှန်ကန်အောင် သက်ဆိုင်ရာဌာနတွေက ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းတွေကို အဆင့်လိုက်ဆောင်ရွက်လျက်ရှိပါတယ်။ မဲစာရင်းမှန်ကန်ရေးအတွက် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးကိုလည်း အထူးအလေးထားဆောင်ရွက်လျက်ရှိပါတယ်။

**တိုင်းရင်းသားတွေအနေနဲ့ သူတို့ရဲ့အခွင့်အရေးတွေ၊ နစ်နာမှုတွေကို ဥပဒေပြုရေးကဏ္ဍမှာ အမြင့်ဆုံးဖြစ်တဲ့ လွှတ်တော်မှာ တရားဝင်ပြောဆိုခွင့်၊ ဆွေးနွေးခွင့်၊ ကျယ်ပြန့်စွာကိုယ်စားပြုခွင့်ရရှိရေးအတွက် ရွေးကောက်ပွဲကို အချိုးကျကိုယ်စားပြု(PR)စနစ်ဖြင့် ကျင်းပနိုင်ဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများနဲ့ တွေ့ဆုံဆွေးနွေးလျက်ရှိပါတယ်။** လွတ်လပ်၍တရားမျှတပြီး ပွင့်လင်းမြင်သာသောရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးရရှိရန် ပြည်သူလူထုတစ်ရပ်လုံးနဲ့ လက်တွဲပူးပေါင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပါတီစုံဒီမိုကရေစီစနစ်အသွင် ကူးပြောင်းပြီးနောက် အထွေထွေရွေးကောက်ပွဲ သုံးကြိမ်ကျင်းပခဲ့ပါတယ်။ နိုင်ငံတစ်ဝန်းမှာ မြို့နယ် ၃၃၀ ရှိတဲ့အနက် ၂၀၁၀ ရွေးကောက်ပွဲမှာ ၃၂၅ မြို့နယ်၊ ၂၀၁၅ ရွေးကောက်ပွဲမှာ ၃၂၃ မြို့နယ်နဲ့ ၂၀၂၀ ရွေးကောက်ပွဲမှာ မြို့နယ် ၃၁၅ မြို့နယ်တို့မှာ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပါတယ်။ ဒီမိုကရေစီစနစ်ကိုဖော်ဆောင်မယ်ဆိုတဲ့ အစိုးရများလက်ထက်ကျမှ ပြည်သူ့ဆန္ဒဖော်ထုတ်နိုင်မှု ပိုမိုပြီးနည်းပါးသွားတာကို သတိပြုဖွယ်တွေ့ရပါတယ်။ ရွေးကောက်ပွဲများကျင်းပရာမှာလည်း နိုင်ငံသားတစ်ဦးချင်းရဲ့ ဆန္ဒသဘောထားကို လွတ်လပ်စွာဖော်ထုတ်နိုင်ဖို့ ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ မတရားတိုက်တွန်းမှု၊ လူအုပ်စုဖြင့် အနိုင်ကျင့်လွှမ်းမိုးမှုစတဲ့ မတရားမှုများနဲ့ ကင်းဝေးရပါမယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ တစ်နိုင်ငံလုံး အကြားအလပ်မရှိ အထွေထွေရွေးကောက်ပွဲကျင်းပပေးနိုင်ဖို့၊ မဲပေးကြမယ့် နိုင်ငံသားအားလုံး မတရားမှုများမှကင်းဝေးစေဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

## ၇၅ နှစ်မှသည် နှစ်ရာထောင်မက ကမ္ဘာတည်သရွေ့ နိုင်ငံတော်ကြီး ဝင့်ကြွားစွာ ထာဝရတည်တံ့နေဖို့ ကျွန်တော်တို့အားလုံး နိုင်ငံချစ်စိတ်၊ မြန်မာစိတ်နဲ့ ကြိုးစားလုပ်ဆောင်သွားကြဖို့ တိုက်တွန်းလိုပါတယ်။ “ကမ္ဘာတည်သရွေ့၊ မြန်မာတည်ရှိရပါမယ်”...

မိတ်ဆွေအဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများနဲ့ ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ အသိတရား၊ သတိတရားလက်ကိုင်ထားပြီး ကျွန်တော်တို့အစိုးရရဲ့ အမျိုးသားရေးလုပ်ငန်းစဉ်များ၊ နိုင်ငံရေးလုပ်ငန်းစဉ်များမှာ ပူးပေါင်းပါဝင်အားပေးပြီး မြန်မာ့ဒီမိုကရေစီအရေးကို ဝိုင်းဝန်းကာကွယ်ပေးကြဖို့ တိုက်တွန်းမေတ္တာရပ်ခံလိုပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ညီသည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများ ခင်ဗျား–**

ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ လွတ်လပ်ပြီးကာလ **လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရေး ကြိုးပမ်းမှုသမိုင်းတွေမှာ “ကိုယ်ကျိုးမငဲ့ တိုင်းပြည်အတွက်” ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေ အများအပြားရှိခဲ့ပါတယ်။** ဗုဒ္ဓကလျာဏယုဝအသင်း(YMBA)၊ မြန်မာနိုင်ငံလုံးဆိုင်ရာအသင်းချုပ်ကြီး(GCBA)၊ တို့ဗမာအစည်းအရုံး၊ ဖဆပလ အဖွဲ့ချုပ်ကြီး၊ ရဲဘော်သုံးကျိပ်၊ တော်လှန်ရေးကောင်စီ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ စတဲ့အဖွဲ့အစည်းများရှိခဲ့ပါတယ်။

လူပုဂ္ဂိုလ်တွေမှာဆိုရင်လည်း လွတ်လပ်ရေးကြိုးပမ်းမှု ခေတ်ဦးကာလမှာ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၊ ကြွမ်ဘိစ်၊ ပုဂံဗိုလ်ချို စတဲ့ပုဂ္ဂိုလ်များရှိခဲ့သလို ခေတ်လယ်ပိုင်းမှာလည်း ဦးဘဖေ၊ ဦးချစ်လှိုင်၊ ဆရာစံ၊ သခင်ဖိုးလှကြီး၊ ဗိုလ်အောင်ကျော်၊ သခင်ကိုယ်တော်မှိုင်း၊ ဦးဖိုးကျား၊ ဆရာတင်၊ ဦးဝိစာရ၊ ဦးဥတ္တမ စတဲ့ပုဂ္ဂိုလ်များရှိခဲ့ပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုနောက်ဆုံးကာလမှာ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုတဲ့ အာဇာနည်ခေါင်းဆောင်ကြီးများ၊ ဗိုလ်မှူးကြီးဝထူး စတဲ့ပုဂ္ဂိုလ်များရှိခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးကာလမှာလည်း နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနဲ့ နိုင်ငံ့ဂုဏ်သိက္ခာကို နယ်ပယ်အသီးသီးက မြှင့်တင်ခဲ့သူတွေရှိခဲ့ပါတယ်။ ဦးနု၊ ဦးဗဆွေ၊ ဗိုလ်ချုပ်ကြီးနေဝင်း၊ ဦးကျော်ငြိမ်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်၊ ဒေါက်တာဘမော်၊ ပင်လုံစာချုပ်မှာ လက်မှတ်ရေးထိုးခဲ့ကြတဲ့ ခေါင်းဆောင်ကြီးများ စသူတို့ဟာ ထင်ရှားခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ယေဘုယျထင်ဟပ်ပေါ်လွင်အောင်သာ ဥပမာ ဆောင်ပြောကြားခဲ့တဲ့အတွက် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများစွာ ရှိနေဦးမှာဖြစ်ပါတယ်။ **၎င်းအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များဟာ မည်သို့ပင် အယူဝါဒကွဲပြားခဲ့ကြသည်ဖြစ်စေ၊ ဝံယူချက်ကွဲပြားခဲ့ကြသည်ဖြစ်စေ နိုင်ငံတော်ကိုတည်ဆောက်ခဲ့ကြသူများဖြစ်ပါတယ်။ နိုင်ငံ့ဂုဏ်ကို မြှင့်တင်ခဲ့သူများဖြစ်ပါတယ်။** ဒါကြောင့် ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံ့တာဝန်ကို ခေတ်အဆက်ဆက်ကြိုးပမ်းတာဝန်ကျေခဲ့သူများ၊ နိုင်ငံအတွက်အသက်ခန္ဓာစွန့်လွှတ်ခဲ့သူများကို ဘွဲ့ထူး၊ ဂုဏ်ထူးများ ချီးမြှင့်ခြင်းဖြင့် ဂုဏ်ယူအသိအမှတ်ပြုခဲ့ပါတယ်။ ဒီအခမ်းအနားနဲ့လည်း ထပ်ဆင့်ဂုဏ်ပြုလိုက်ပါကြောင်း ပြောကြားလိုပါတယ်။ **သူတို့ဟာ ကျွန်တော်တို့ရဲ့ရင်ထဲမှာ အမြဲတည်ရှိနေမှာ ဖြစ်ပါတယ်။**

**ချစ်ခင်လေးစားအပ်ပါသော ညီသည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများ ခင်ဗျား–**

တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာသာရှိတယ်ဆိုတာ ကျွန်တော်တို့ဖြတ်သန်းခဲ့တဲ့သမိုင်းက ပြဆိုခဲ့ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်တွင်းအားနဲ့သာ အဓိကထား တည်ဆောက်ကြရပါမယ်။ မြေပေါ်မြေအောက်နဲ့ ရေသယံဇာတကြွယ်ဝပြီး လူသားအရင်းအမြစ်ရှိနေတဲ့ ကျွန်တော်တို့နိုင်ငံဟာ မဖွံ့ဖြိုးမတိုးတက်စရာမရှိပါဘူး။ **ကျွန်တော်တို့ညီညွတ်ရင်၊ ကြိုးစားရင် ကျွန်တော်တို့နိုင်ငံဟာ ဒေသတွင်းမှသည် ကမ္ဘာ့ထိပ်တန်းနိုင်ငံထိ မလွဲကေန်ရောက်ရှိမှာဖြစ်ပါတယ်။** ၇၅ နှစ်တာကာလအတွင်း အခက်အခဲပေါင်းများစွာကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ခဲ့မှုအတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများ အားလုံးကို ချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားလိုပါတယ်။ **၇၅ နှစ်မှသည် နှစ်ရာထောင်မက ကမ္ဘာတည်သရွေ့ နိုင်ငံတော်ကြီး ဝင့်ကြွားစွာ ထာဝရတည်တံ့နေဖို့ ကျွန်တော်တို့အားလုံး နိုင်ငံချစ်စိတ်၊ မြန်မာစိတ်နဲ့ ကြိုးစားလုပ်ဆောင်သွားကြဖို့ တိုက်တွန်းလိုပါတယ်။ “ကမ္ဘာတည်သရွေ့၊ မြန်မာတည်ရှိရပါမယ်”။**

**ချစ်ခင်လေးစားအပ်ပါသော ညီသည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများ ခင်ဗျား–**

နိဂုံးချုပ်အနေဖြင့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်ဖြစ်သော-

- စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊
- တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရေး၊
- နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး “ရှေ့သို့ ချီမည် ပန်းတိုင်ဆီ” (Keep Moving Forward to Achieve Our Goal)ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး၊
- အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး၊
- လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာစေရေးတို့အတွက် နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံးရဲ့ စုပေါင်းစွမ်းပကားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းပြီး ကျန်းမာရွှင်လန်းကြပါစေ။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်နှင့် စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့ ညနေပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တောင်ဘက် တပေါင်းကွင်း အတွင်းရှိ ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာ ပြခန်းများနှင့် ဂုဏ်ပြုယာဉ်များ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တိုင်းရင်းသားရိုးရာအကအဖွဲ့များ နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် နှင့် စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ထံ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေး နေ့ ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရ လက်ဆောင်ကိုပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တိုင်းရင်းသား ရိုးရာယိမ်းအဖွဲ့များက "ပြည့်ရတနာ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက် ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် နှင့် အဖွဲ့ဝင်များသည် နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တိုင်းရင်းသားရိုးရာ ယိမ်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ခင်းကျင်းပြသထားသည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြခန်းများနှင့် တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများကို လိုက်လံကြည့်ရှု အားပေးကြသည်။

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေး နေ့ အထိမ်းအမှတ်ပြခန်းများ၊ ရိုးရာအစား အစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များ ပြသပွဲကို ဇန်နဝါရီ ၄ ရက်မှ ၈ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပွဲတော်၌ ဝန်ကြီးဌာနပြခန်း ၂၅ ခန်း၊ နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြခန်း ၁၅ ခန်း၊ တိုင်းရင်းသားရိုးရာအစား အစာပြခန်း ၁၅ ခန်း စုစုပေါင်းပြခန်း ၅၅ ခန်း နှင့် ဝန်ကြီးဌာနများအလိုက် ကိုယ်စားပြု ဂုဏ်ပြုယာဉ် ၂၆ စီး၊ နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်စားပြုဂုဏ်ပြုယာဉ် ၁၅ စီး၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုယာဉ်တစ်စီး၊ ပြည်ထောင်စု နောက်ပိတ်ဂုဏ်ပြုယာဉ် တစ်စီးနှင့် တပ်မတော်ကိုယ်စားပြု ဂုဏ်ပြုယာဉ် ငါးစီး စုစုပေါင်းဂုဏ်ပြုယာဉ် ၄၈ စီးတို့ကို ပြသသွားမည်ဖြစ်ပြီး ပြည်သူများအားလုံး အခမဲ့လာရောက်လည်ပတ် လေ့လာနိုင် ကြောင်းနှင့် လုံခြုံရေးတင်းကျပ်မှုအရ မြို့ဝင်ထွက်နေရာများ၊ ပြခန်းဝင်ထွက် နေရာများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စနစ်တကျ စစ်ဆေးရှာဖွေမှုများကို ကြည်ဖြူစွာ နားလည်လက်ခံပေးနိုင်ရေး ကိုပါ သက်ဆိုင်ရာက မေတ္တာရပ်ခံထား ကြောင်း သတင်းရရှိသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခင်းကျင်းပြသထားသည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများနှင့် တိုင်းရင်းသားရိုးရာအစားအစာပြခန်းများအား လိုက်လံကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းထံ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင် ပေးအပ်စဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်အာခါမိုဟာဆီနာပါတိုင်းတဲ့ချီဟွန်ဆင်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများထံသို့ မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်စွာဆုမွန်ကောင်းများပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် အစဉ်အလာအရချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်အကျိုးရှိသောပူးပေါင်းဆောင်ရွက်မှုများကိုအခြေခံလျက် လွန်ခဲ့သည့်နှစ်များအတွင်း နီးကပ်သောနှစ်နိုင်ငံဆက်ဆံရေးထူထောင်ထားရှိနိုင်ခဲ့သည်ကို ဝမ်းမြောက်ဖွယ်မှတ်သားရပါသည်။ မိမိတို့နှစ်နိုင်ငံနှင့် အာဆီယံအသိုက်အဝန်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့အတွက် နှစ်နိုင်ငံဆက်ဆံရေးကိုပိုမိုမြှင့်တင်ဆောင်ရွက်သွားရန် မိမိအနေဖြင့် အဆွေတော်နှင့် နီးကပ်စွာဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ထပ်လောင်းပြောကြားလျက် အဆွေတော်ကျန်းမာပါစေကြောင်းနှင့် မြန်မာပြည်သူများ ရေရှည်တည်တံ့သောငြိမ်းချမ်းရေးရရှိပြီး ကျန်းမာရွှင်လန်းပါစေကြောင်းဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာရိုမန် ဂိုလော့ဗ်ချန်ကိုထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဘယ်လာရုစ်သမ္မတနိုင်ငံအစိုးရအဖွဲ့ကိုယ်စားနှင့် မိမိမှ လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

လက်ရှိခက်ခဲသည့်အခြေအနေများတွင် မိမိတို့နှစ်နိုင်ငံအနေဖြင့် မြင့်မားသည့် အပြန်အလှန်ယုံကြည်မှုကို ထိန်းသိမ်းပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန် ဆက်လက်ပူးတွဲဆောင်ရွက်သွားမည့်အပေါ် ဝမ်းမြောက်မိပါသည်။

ဘယ်လာရုစ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြားဆက်ဆံရေးသည် နီးကပ်သည့်အနာဂတ်ကာလတွင် စီးပွားရေး၊ စိုက်ပျိုးရေး၊ စက်မှုနှင့်ပညာရေး စသည့်နယ်ပယ်စုံ၌ သိသာထင်ရှားသည့် တိုးတက်မှုများရရှိနိုင်မည်ဟု ယုံကြည်ပါသည်။

အဆွေတော်ကျန်းမာပါစေကြောင်းနှင့် မြန်မာပြည်သူများ သာယာဝပြောပြီး တည်ငြိမ်အေးချမ်းပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် မိမိအနေဖြင့် အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာပရက်ဆုတ်ခ်ခွန်းထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်စကားနှင့် ဆုမွန်ကောင်းများ ပို့သခွင့်ရသည့်အတွက် ဝမ်းမြောက်မိပါသည်။

ဒေသတွင်းနှင့် နိုင်ငံတကာ၌ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်တည်ငြိမ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန်တို့အတွက် နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့် အာဆီယံမူဘောင်အောက်မှ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရန်အတွက် အဆွေတော်နှင့် နီးကပ်စွာဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည် အလေးထားလျက်ရှိပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆာဂေးအယ်လယ်နိခ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အမျိုးသားရုံးပိတ်ရက် အခါသမယတွင် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

အပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းစေသည့် နယ်ပယ်များတွင် ဘယ်လာရုစ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုများတိုးတက်ဖြစ်ထွန်းရေးအတွက် သိသာထင်ရှားသည့်အလားအလာများကို မှတ်သားမိပါသည်။

မိမိတို့နှစ်နိုင်ငံအကြား သံတမန်ရေးရာနှင့် ကုန်သွယ်-စီးပွားရေးဆိုင်ရာ ထိတွေ့ဆက်ဆံမှုများကို အရှိန်မြှင့်တင်ရေး စနစ်တကျလုပ်ဆောင်မှုများသည် စီးပွားရေးနှင့်လူသားချင်းစာနာမှုဆိုင်ရာပူးတွဲလုပ်ငန်းစဉ်များသတ်မှတ်ရန်နှင့် လက်တွေ့အကောင်အထည်ဖော်ရန်တို့ကို ဦးတည်ဖြစ်ပေါ်စေမည်ဟု မျှော်လင့်ပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော်ကျန်းမာပြီး လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် အောင်မြင်မှုများရရှိပါစေကြောင်းနှင့် အဆွေတော်ကို အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

# မန္တလေးမြို့၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၄**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့်နိုင်ငံတော်အလံအလေးပြုပွဲကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်းဥပစာရှေ့၌ကျင်းပခဲ့သည်။

ဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် (၇၅)နှစ် စိန်ရတုမြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကျင်းပရာ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ စစ်တီးဝိုင်းတပ်စု၊ အလံတင်တပ်စုတို့က တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကိုလွှင့်တင်ပြီး အလေးပြုကြသည်။

ထို့နောက် နံနက် ၆ နာရီခွဲတွင် တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးမြို့အခြေစိုက် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းအသီးသီးတို့မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မန္တလေးမြို့အခြေစိုက်တိုင်းရင်းသားလူမျိုးစုများနှင့် ပြည်သူများစုစုပေါင်း အင်အား ၂၀၀၀ ခန့်တို့သည် နိုင်ငံတော်အလံအလေးပြုပွဲကျင်းပမည့် မန္တလာသီရိအားကစားကွင်းဥပစာရှေ့ သတ်မှတ်နေရာအသီးသီးတို့တွင် နေရာယူကြသည်။

ယင်းနောက် နံနက် ၇ နာရီတွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲနှင့်သဝဏ်လွှာဖတ်ကြားခြင်းများကိုဆက်လက်ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးများသည် ဂုဏ်ပြုတပ်ဖွဲ့၊ တက်ရောက်လာကြသည့်ဌာနဆိုင်ရာများ၊ ပြည်သူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီးနောက် ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်များအား အလေးပြုခြင်းကိုအစီအစဉ်များအတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှပေးပို့သော (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့သဝဏ်လွှာကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းက ဖတ်ကြားကာ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများနှင့် တက်ရောက်လာကြသူများသည် မန္တလာသီရိလေ့ကျင့်ရေးအားကစားကွင်းအတွင်း၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြုလုပ်သည့် စတုဒိတာကျွေးမွေးခြင်း၊ စာအုပ်အရောင်းဆိုင်များနှင့် မြန်မာ့ရိုးရာအားကစားနည်းပြိုင်ပွဲများကျင်းပနေမှုများကိုလိုက်လံကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲအမျိုးအစားအလိုက်ဆုရရှိကြသူများကို တစ်ဦးချင်း ဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေများနှင့် တံခွန်စိုက်ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။



ယနေ့ကျရောက်သော (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ရပ်ကွက်အသီးသီးတို့၌ စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ မြန်မာ့ရိုးရာ အားကစားနည်းပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားနှင့် ပျော်ပွဲ ရွှင်ပွဲအားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားကျင်းပစဉ်။

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၌ (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ စစ်ရေးပြ အခမ်းအနား ကျင်းပစဉ်။



**နေပြည်တော် ဇန်နဝါရီ ၄**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့စစ်ရေးပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အနော်ရထာခန်းမရှေ့ စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊စစ်သမီးများ တက်ရောက်ကြပြီး အခမ်းအနားတွင် နိုင်ငံတော်အလံအလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများကို အလေးပြုခြင်းတို့ကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်မိန့်ခွန်းပြောကြားသည်။

ထို့နောက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများကို ကျင်းပပြုလုပ်ပြီး အားကစားနည်းများအလိုက် ဆုရရှိသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စခန်းမှူးနှင့်တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အလားတူ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားများကို တိုင်းစစ်ဌာနချုပ်များအလိုက် အသီးသီးကျင်းပပြုလုပ်ကြရာ တိုင်းစစ်ဌာနချုပ်များမှ ဒုတိယတိုင်းမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်များ တက်ရောက်ကြပြီး စစ်ရေးပြအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ကြသည်။

၎င်းပြင် တိုင်းစစ်ဌာနချုပ်များအလိုက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများကိုကျင်းပပြုလုပ်ပြီး အားကစားပြိုင်ပွဲများအလိုက်ဆုရရှိသူများကို ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်း စစ်ဌာနချုပ်၌ (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစား ပြိုင်ပွဲများ ကျင်းပစဉ်။

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၁/၂၀၂၃**
၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်
(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

### ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူမှုရေးအရ ငဲ့ညှာထောက်ထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏မေတ္တာနှင့်စေတနာကိုနားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူ ၇၀၁၂ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုလျှော့ပေါ့၍ လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၂/၂၀၂၃**
၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်
(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

### ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူမှုရေးအရ ငဲ့ညှာထောက်ထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏မေတ္တာနှင့်စေတနာကိုနားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် မတိုင်မီ လူသတ်မှု၊ မုဒိမ်းမှု၊ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများအက်ဥပဒေအရပြစ်မှုများ၊ မတရားအသင်းများအက်ဥပဒေအရပြစ်မှုများ၊ ၁၈၇၈ ခုနှစ် လက်နက်များအက်ဥပဒေပုဒ်မ ၁၉(စ)အရ ပြစ်မှုများ၊ ၁၉၄၉ ခုနှစ် လက်နက်(အရေးပေါ်ပြစ်ဒဏ်စီရင်မှု)(ယာယီ)အက်ဥပဒေအရပြစ်မှုများ၊ ၁၉၅၀ ပြည့်နှစ် လက်နက်(ယာယီပြင်ဆင်ချက်)အက်ဥပဒေအရပြစ်မှုများ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ်လက်နက်အမိန့်အရပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရပြစ်မှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရပြစ်မှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများမှအပ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ(၁)အရ ယင်းတို့ကျခံနေရသော ပြစ်ဒဏ်၏ခြောက်ပုံ တစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

**အမိန့်အရ**


**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများစွာ ခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူ ၇၀၁၂ ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ပြု



ပြစ်ဒဏ်မှ လွတ်ငြိမ်း ချမ်းသာခွင့်ရသော မန္တလေး ဓပဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူများကို တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ယနေ့တွင်ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူလူထုနှလုံး စိတ်ဝမ်းအေးချမ်းစေရန်နှင့် လူမှုရေးအရ ငဲ့ညှာထောက်ထားပြီး နိုင်ငံတော်၏မေတ္တာနှင့် စေတနာကိုနားလည်စေရန် ရှေးရှု၍ နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူ ၇၀၁၂ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁ ပုဒ်မခွဲ(၁)အရ နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်ဟူသော စည်းကမ်းသတ်မှတ်ချက်များဖြင့် ယင်းတို့ ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကို လျှော့ပေါ့၍ လွတ်ငြိမ်းခွင့်ပြုလိုက်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ပြစ်မှုကျူးလွန်ခဲ့သည့် အကျဉ်းသား၊ အကျဉ်းသူများကို ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအရ အကျဉ်းထောင်အတွင်း ပြစ်ဒဏ်များချမှတ်ခဲ့သော်လည်း အကျဉ်းထောင်နှင့် အကျဉ်းစခန်းများအတွင်း လူမှုရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် အခြားရသင့်သည့်လူ့အခွင့်အရေးစံချိန်စံညွှန်းများနှင့်အညီ ကောင်းမွန်ပြည့်စုံစွာဆောင်ရွက်ပေးထားသည့်အတွက် ယခု ပြန်လည်လွတ်မြောက်လာသည့်အချိန်တွင် ကျန်းမာပျော်ရွှင်လျက်ရှိပြီး လာရောက်ကြိုဆိုသည့် မိဘဆွေမျိုးများကလည်း ဝမ်းပန်းတသာဖြင့်ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




ပြစ်ဒဏ်မှလွတ်ငြိမ်းချမ်းသာခွင့်ရသော အင်းစိန်အကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူများအား လာရောက်ကြိုဆိုသည့်မိသားစုဝင်များကို တွေ့ရစဉ်။

# KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ နှောင့်ယှက်ပိတ်ဆို့ထားသည့် ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးတစ်လျှောက်ကို တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်၊ မော်တော်ယာဉ်များ ပုံမှန်သွားလာလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၄**


KKO(ခွဲထွက်)အဖွဲ့နှင့် PDFအမည်ခံ အကြမ်းဖက်သမားများ နှောင့်ယှက်ပိတ်ဆို့ထားသည့် ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးတစ်လျှောက်ကို တပ်မတော်စစ်ကြောင်းများက ယနေ့တွင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သဖြင့် အဆိုပါလမ်းမကြီးတစ်လျှောက်တွင် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ NUG၊ CRPHအဖွဲ့တို့၏ စေခိုင်းချက်အရ KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့နွဲ့ကျေးရွာနှင့်အနီးတစ်ဝိုက်ရှိ ကျေးရွာများအတွင်းခိုအောင်းနေထိုင်၍ အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိပြီး ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးပေါ်၌သွားလာလျက်ရှိသောမော်တော်ယာဉ်များကို အကြောင်းမဲ့မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း၊မော်တော်ယာဉ်များကိုမီးရှို့ဖျက်ဆီး၍ အဆိုပါလမ်းကြောင်းကို နှောင့်ယှက်ပိတ်ဆို့ခဲ့သဖြင့် ဒေသခံပြည်သူများအနေဖြင့် ဘေးလွတ်ရာသို့ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး မော်တော်ယာဉ်ဖြတ်သန်းသွားလာမှုများ ခေတ္တရပ်ဆိုင်းခဲ့ကာ ကုန်စည်စီးဆင်းမှုရပ်တန့်သွားခဲ့သည်။

ထိုသို့ KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများနှောင့်ယှက်ပိတ်ဆို့ထားသည့် အဆိုပါဒေသတစ်ဝိုက်ကို တပ်မတော်စစ်ကြောင်းများက အဆင့်ဆင့်ပြန်လည်ထိန်းချုပ် တိုက်ခိုက်ခဲ့ပြီး ကော့ကရိတ်- မြဝတီသွား အာရှလမ်းမကြီးတစ်လျှောက် မော်တော်ယာဉ်များပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲသွားလာနိုင်ရေး ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၃ ရက်နှင့် ယနေ့တို့တွင်လည်း KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် တတန်ကူးကျေးရွာ၏အရှေ့မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာတွင် ၁၂ ဘီးယာဉ်တစ်စီးနှင့်ယာဉ်ငယ်တစ်စီးတို့ဖြင့်လည်းကောင်း၊ ၎င်းကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၂၅၀၀ ခန့်အကွာတွင် ၁၂ ဘီးယာဉ် သုံးစီးဖြင့်လည်းကောင်း ကန့်လန့်ဖြတ်ပိတ်ဆို့၍ လမ်းကြောင်းပိတ်ဆို့မှုများ ဖြစ်ပေါ်စေရေး နှောင့်ယှက်မှုများကို ပြုလုပ်လာခဲ့သဖြင့် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး လမ်းမကြီးတစ်လျှောက်ကို ပြန်လည်ထိန်းချုပ်ခဲ့သည်။

ထိုကဲ့သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုကြောင့် အဆိုပါလမ်းမကြီးတစ်လျှောက်တွင် ယနေ့မွန်းလွဲပိုင်းမှစ၍ မော်တော်ယာဉ်များဘေးကင်းစွာဖြင့် ပုံမှန်အတိုင်း ပြန်လည်သွားလာလျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤



KKO(ခွဲထွက်)အဖွဲ့နှင့် PDFအမည်ခံ အကြမ်းဖက်သမားများ ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးပေါ်တွင် ၁၂ ဘီးယာဉ်ဖြင့် နှောင့်ယှက်ပိတ်ဆို့ထားမှုကို တွေ့ရစဉ်။



လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုကြောင့် မော်တော်ယာဉ်များ ပုံမှန်သွားလာပြေးဆွဲနေမှုကို တွေ့ရစဉ်။

## ဇန်နဝါရီ ၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၄**

ဇန်နဝါရီ ၃ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၆၁၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၆၉၆ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၈၃၂၈ ဦး |

# KNLA တပ်မဟာ(၆)နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့တို့က အင်အားအလုံးအရင်းဖြင့် ကြာအင်းဆိပ်ကြီးမြို့ရှိ နယ်မြေခံတပ်ဌာနချုပ်များနှင့် ဖာပွန်မြို့နယ်ရှိ လုံခြုံရေးစခန်းတို့သို့ အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်၊ အရာရှိ၊ စစ်သည်များ၏ စနစ်တကျခုခံတိုက်ခိုက်မှုကြောင့် အကျအဆုံးများစွာဖြင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေး

KNLA တပ်မဟာ (၆)နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့၏ ကြာအင်းဆိပ်ကြီးမြို့ရှိ နယ်မြေခံတပ်ဌာနချုပ်များသို့ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်မှု ဖြစ်စဉ်ပြပုံ




**နေပြည်တော် ဇန်နဝါရီ ၄**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ရှိ နယ်မြေခံအခြေချစစ်ဗျူဟာနှင့် တပ်ရင်း ဌာနချုပ်များသို့ KNLA တပ်မဟာ(၆)နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့တို့က ယနေ့နံနက် ၆ နာရီ မိနစ် ၂၀ ခန့်မှစ၍ လက်နက်ကြီး၊ လက်နက်ငယ်များ အသုံးပြုကာ အင်အားအလုံးအရင်းဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

KNLA တပ်မဟာ(၆)နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့တို့၏ အင်အားအလုံးအရင်းဖြင့် ကြာအင်းဆိပ်ကြီး တပ်နယ်သို့ တစ်ချိန်တည်း တစ်ပြိုင်တည်း အလစ်အငိုက် လာရောက်တိုက်ခိုက်ခဲ့သော်လည်း ယနေ့တွင်ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်တွင် အကြမ်းဖက်အဖွဲ့များ အနေဖြင့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်မည်ကို ကြိုတင်သတင်းရရှိထားသဖြင့် တပ်နယ်အတွင်းရှိ အရာရှိ၊ စစ်သည်၊ ရဲမေများအနေဖြင့် လုံခြုံရေးအတွက် အသင့်စုဖွဲ့ထားရှိသောကြောင့် အကြမ်းဖက်အဖွဲ့များ နံနက် ၆ နာရီ ၁၀ မိနစ်မှ ၈ နာရီ မိနစ် ၅၀ ထိ တစ်ကြိမ်၊ ၁၀ နာရီ ၄၅ မိနစ်မှ ၁၁ နာရီ ၁၀ မိနစ်ထိ တစ်ကြိမ်၊ စုစုပေါင်း နှစ်ကြိမ်ဝင်ရောက်တိုက်ခိုက်သော်လည်း နံနက် ၁၁ နာရီ ၁၅ မိနစ် နောက်ပိုင်းတွင် အကျအဆုံးများစွာဖြင့် အရှေ့တောင်ဘက်သို့ ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အကြမ်းဖက်ပူးပေါင်းအဖွဲ့များအနေဖြင့် တပ်ဌာနချုပ်များသို့ အလစ်အငိုက် တိုက်ခိုက်ခဲ့သော်လည်း အရာရှိ၊ စစ်သည်၊ ရဲမေ၊ မိသားစုများ၏ ကြံ့ကြံ့ခံ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အရေးကြီး အဓိကအဆောက်အအုံများ၊ အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများနှင့် လူနေအဆောက်အအုံများအနီးသို့ ဝင်ရောက်နိုင်ခဲ့ခြင်းမရှိဘဲ တပ်ခြံစည်းရိုးကပ်လျက် လူနေထိုင်ခြင်းမရှိသော စွန့်လွှတ်အဆောက်အအုံအချို့ကိုသာ ဖရိုဖရဲပြန်လည်ဆုတ်ခွာစဉ် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်ပူးပေါင်းအဖွဲ့များ၏ အလောင်းအချို့နှင့် လက်နက်ခဲယမ်းများကို သိမ်းဆည်းရမိခဲ့ပြီး စစ်ကူစစ်ကြောင်းများက တပ်နယ်လုံခြုံရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် ဖာပွန်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မဲပိုင်တပ်မတော်ရှေ့တန်းလုံခြုံရေးစခန်းကိုလည်း ယနေ့နံနက် ၅ နာရီခွဲခန့်တွင် အကြမ်းဖက်ပူးပေါင်းအဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များအသုံးပြုကာ စခန်း၏ အရှေ့တောင်ဘက်နှင့် အရှေ့ဘက်တို့မှ အင်အားအလုံးအရင်းဖြင့် လာရောက်တိုက်ခိုက်ခဲ့သည်။

ထိုကဲ့သို့ အင်အားအလုံးအရင်းဖြင့် အလစ်အငိုက် လာရောက်တိုက်ခိုက်ခဲ့သော်လည်း စခန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိမှုနှင့် မဆုတ်မနစ် ခုခံတိုက်ခိုက်ခဲ့မှုကြောင့် အကြမ်းဖက်ပူးပေါင်းအဖွဲ့များသည် နံနက် ၇ နာရီ ၅ မိနစ်ခန့်တွင် အကျအဆုံးများစွာဖြင့် ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် မိမိဘက်မှ အရာရှိ၊ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက် ပူးပေါင်းအဖွဲ့များထံမှ လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

# PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ပေါက်-ပခုက္ကူသွား ကားလမ်းပေါ်ရှိ ယောချောင်း ရေပြောတံတားကို တိုက်ခိုက်ဖျက်ဆီးရန်ကြိုးပမ်း အသက် လေးနှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်

**နေပြည်တော် ဇန်နဝါရီ ၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့၏အရှေ့ဘက် မီတာ ၁၄၀၀၀ ခန့်အကွာ ပေါက်-ပခုက္ကူသွား ကားလမ်း ယောချောင်း ရေပြောတံတားတွင် လုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် တပ်ဖွဲ့ဝင်များကို ယနေ့နံနက် ၅ နာရီ မိနစ် ၄၀ ခန့်တွင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့က သာလွန်အင်အားအသုံးပြု၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် တိုက်ခိုက်လာခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်လာမှုကို လုံခြုံရေး ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များက စနစ်တကျဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်အဖွဲ့များသည် နံနက် ၇ နာရီ ၁၀ မိနစ်ခန့်တွင် ထိခိုက်ကျဆုံးမှုများစွာဖြင့် တောင်ဘက်သို့ ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ၎င်းတို့ဆုတ်ခွာစဉ် ဆုတ်ခွာရာလမ်းကြောင်းပေါ်ရှိ နဂါးဘွက်ကျေးရွာမှ အသက်လေးနှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ကျေးရွာသူ၊ ကျေးရွာသား အမျိုးသား နှစ်ဦး၊ အမျိုးသမီး ငါးဦးတို့ကို အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အလောင်းနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ အနေဖြင့် ယနေ့တွင် ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်တွင် အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်ရန်ရည်ရွယ်၍ ယောချောင်း ရေပြောတံတားကို ဖောက်ခွဲဖျက်ဆီးရန် ကြိုးပမ်းခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အသင့်ဖြစ်မှု၊ ရဲရဲဝံ့ဝံ့ တုံ့ပြန်တိုက်ခိုက်မှုတို့ကြောင့် ၎င်းတို့၏ရည်ရွယ်ချက် အောင်မြင်မှုမရှိဘဲ အကျအဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေလုံခြုံရေးအတွက် လိုအပ်သည်များကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ယောချောင်း ရေပြောတံတားအားတိုက်ခိုက်ရန် ကြိုးပမ်းခဲ့မှုနှင့် အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခဲ့မှု ဖြစ်စဉ်ပြပုံ




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာ များမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် လမ်းပျဉ်းမနားဟောင်းကျေးရွာနေ အောင်ကျော်တိုး(ခ) အောင်ဖြိုးသည် ၎င်းအသုံးပြုသည့် "Aung Phyo" Facebook အကောင့်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ရေဖြူကျေးရွာနေ စိန်မောင်ညွန့်သည် ၎င်းအသုံးပြုသည့် "Moe San Pan" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။





## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ နောင်လှိုင်အုပ်စု၊ နောင်လှိုင်ကျေးရွာ၊ ကွင်းအမှတ်(၇၂၇)၊ အကွက်အမှတ် (F.I.L)(F-53'×60')(I-55×60')(L-57'×60)(၃)ကွက်အား ဒေါ်ဇင်ဝေစန်း (၉/မမန(နိုင်)၀၁၇၅၅၃)က ၁၅-၈-၂၀၁၄ ခုနှစ်တွင် ဦးစိုးအေး (၉/မမန(နိုင်) ၀၈၆၇၇၉)ထံမှ အပေါင်အနှံ၊ အရှုပ်အရှင်း(လုံးဝ)ကင်းရှင်းစွာဖြင့် ၎င်းမြေကွက်အား ပိုင်ဆိုင်ဝယ်ယူထားခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ သူမ၏ခွင့်ပြုချက်မရဘဲ မည်သူမဆို အခြားသူတစ်ဦးဦးသို့ ရောင်းချခြင်း၊ပေါင်နှံခြင်းတခြားနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ကြပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်ဝေစန်း(၉/မမန(နိုင်)၀၁၇၅၅၃)**

## အမည်ပြောင်း

အောင်မြေသာစံမြို့နယ်၊ ၂၁လမ်း၊ ၈၀×၈၁ လမ်းနေ ဦးသန်းအောင် (၉/မနမ(နိုင်)၁၀၂၄၃၂)၏ သမီး၊ KGI ကိုယ်ပိုင်အလယ်တန်းကျောင်း ပထမတန်း မှ မသက်ထားရွှေစင် အား မလဝန်းသီ ဟု အမည်ပြောင်းလဲခေါ် ဆိုပါရန်။ **မလဝန်းသီ**

## အမည်ပြောင်း

အောင်မြေသာစံမြို့နယ်၊ ၂၁လမ်း၊ ၈၀×၈၁ လမ်းနေ ဦးသန့်ဇင်အောင် (၉/အမဇ(နိုင်)၀၃၉၉၃၂)၏သမီး၊ MCTA ကိုယ်ပိုင်အထက်တန်းကျောင်း(L-2) တန်းမှ မမြင့်မိုရ်သန့်စင် အား မမေမြတ်နိုးအောင် ဟု အမည်ပြောင်းလဲခေါ် ဆိုပါရန်။ **မမေမြတ်နိုးအောင်**

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် ဖျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည့်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၅၊
**Email Address – accm@accm.gov.mm။**
**Website Address – http://www.accm.gov.mm**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ ဒေသနှင့်တိုင်းရင်းသားအကျိုးကို တရားဥပဒေနှင့်အညီ တောင်းဆိုဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသားကိုယ်စားလှယ်များအနေဖြင့် နိုင်ငံရေးစင်မြင့်တွင် ယခုထက်ပိုမိုပါဝင်လာရန်လိုအပ်...

❖ အမိနိုင်ငံတော်တည်းဟူသော အရိပ်အာဝါသအောက်တွင် အတူတကွပေါင်းစည်းနေထိုင်ကြသူများဖြစ်သဖြင့် ပြည်ထောင်စုဖွားတိုင်းရင်းသားများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုပါက တစ်သွေးတစ်သားတည်း တစ်စိတ်တစ်ဝမ်းတည်းဖြင့် စိတ်တူကိုယ်တူသဘောထားတူညီစွာ အတူတကွလက်တွဲ၍ ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်နှင့်ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှ ကောက်နုတ်ချက်)**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနား ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာအတူတကွသုံးဆောင်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းညွှန့်ခံသည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

ဦးစွာ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့တက်ရောက်လာကြသည့် ညွှန့်သည်တော်များအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်

စာမျက်နှာ ၂၀ ကော်လံ ၁ ☆